# ယောရှုမှတ်စာ

သင်ခန်းစာ သုံး

လူမျိုးစုအမွေဆက်ခံခြင်းများ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**ကနဦးနယ်နိမိတ်များ ... 2**

**ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ... 3**

စီရင်ချက်ဒန်ရှိ နယ်နိမိတ်များ ... 4

ထရန်ဂျော်ဒန်ရှိ နယ်နိမိတ်များ ... 4

**မူလအဓိပ္ပါယ် ... 5**

ဘုရားသခင်၏အခွင့်အာဏာ ... 5

ဘုရားသခင်၏ပဋိညာဉ် ... 6

မောရှေပညတ်တရားစံနှုန်း ... 7

ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ... 7

ဣသရေလလူမျိုးအားလုံး ... 7

**သီးသန့်ခွဲဝေမှုများ ... 8**

**ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ... 8**

အဖွင့်အကျဉ်းချုပ် ... 10

နိဂုံး အကျဉ်းချုပ် ... 10

ယုဒ ... 11

ဧဖရိမ်/မနာရှေ ... 11

မျိုးနွယ်စုငယ်များ ... 12

လေဝိ ... 13

**မူလအဓိပ္ပါယ် ... 13**

ဘုရားသခင်၏အခွင့်အာဏာ ... 14

ဘုရားသခင်၏ပဋိညာဉ် ... 14

မောရှေပညတ်တရားစံနှုန်း ... 15

ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ... 15

ဣသရေလလူမျိုးအားလုံး ... 17

**အမျိုးသားရေးစည်းလုံးညီညွတ်မှု ... 17**

**ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ... 18**

ယဇ်ပလ္လင်တည်ဆောက်ခြင်း ... 18

စစ်ပွဲ၏ခြိမ်းခြောက်မှု ... 18

ထိပ်တိုက်ရင်ဆိုင်ခြင်း ... 19





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

ခြိမ်းခြောက်မှုရပ်စဲခြင်း ....19
ယဇ်ပလ္လင်ကိုအမည်ပေးခြင်း....19
**မူလအမိပ္ပါယ် ....20**
ဘုရားသခင်၏အခွင့်အာဏာ ....20
ဘုရားသခင်၏ပဋိညာဉ်....20
မောရှေပညတ်တရားစံနှုန်း....21
ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ....21
ဣသရေလလူမျိုးအားလုံး....22
**ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း .... 23**
**နိုင်ငံတော်စတင်ခြင်း....23**
**ဆက်လက်တည်မြဲခြင်း ....26**
**ပြီးပြည့်စုံခြင်း ....27**
**နိဂုံး .... 28**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

မိသားစုစီးပွားရေးလုပ်ငန်းကြီးတစ်ခု၏ အကြီးအကဲသည် အသက်ကြီးလာသောအခါ၊ လုပ်ငန်းကိုသူ၏သားငါးယောက် တာဝန်ယူရန် အချိန်တန်ပြီဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဖခင်သည် သူ၏သားများကို ရုံးခန်းတွင်စုဝေးစေပြီး ကုမ္ပဏီ၏တရားဝင် အစုရှယ်ယာအသီးသီးကို ပေးအပ်ခဲ့လေသည်။ “ယခု သင်တို့တစ်ဦးချင်းသည် လုပ်ငန်း၏အစိတ်အပိုင်းကို ပိုင်ဆိုင်နေကြပြီ "ထို့ပြင် သင်တို့အားလုံး မိမိနေရာကိုယူကာ ယခင်ကနှင့်မတူဘဲ အတူတကွအလုပ်လုပ်ကြရမည်။"

ယောရှုသည် အသက်ကြီးလာသောအခါ ဣသရေလအမျိုးအနွယ်များကိုလည်း အလားတူလုပ်ဆောင်ခဲ့သည်။ သူ မပါဘဲ သူတို့ရှေ့ဆက်ရန်အချိန်တန်ပြီကို သူသိသည်။ ထို့ကြောင့် ကတိတော်ပြည်တွင် မျိုးနွယ်တစ်ခုစီကို အမွေပေးခဲ့ပြီး ယခင်ကနှင့်မတူဘဲ လက်တွဲလုပ်ဆောင်ရန် ပြောခဲ့သည်။

ဤသင်ခန်းစာသည် ယောရှုမှတ်စာ စာစဉ်တွင်တတိယမြောက်သင်ခန်းစာဖြစ်ပြီး၊ ဣသရေလလူမျိုး၏ “လူမျိုးစုအမွေဆက်ခံခြင်းများ” ကို လေ့လာပါမည်။ ယောရှုမှတ်စာဒုတိယအဓိကအပိုင်းတွင် ကတိတော်ပြည်၏ အမွေခံများအဖြစ် ဣသရေလလူမျိုးကိုအတူတကွနေထိုင်ရန် မည်သို့တောင်းဆိုထားသည်ကို ကြည့်ရှုပါမည်။

အစောပိုင်းသင်ခန်းစာများတွင်၊ ယောရှုမှတ်စာ၏မူလအဓိပ္ပာယ်ကို ဤနည်းဖြင့် ကျွန်ုပ်တို့ အကျဉ်းချုံးထားသည်_

> ယောရှုမှတ်စာသည် နောင်လာနောက်သားမျိုးဆက်များ ရင်ဆိုင်နေရသည့် တူညီသောစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် ယောရှုလက်ထက် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းနှင့် ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ရေးသားထားသည်။

ယောရှုခေတ်ကဲ့သို့ပင်၊ မူလပရိသတ်များသည် ၎င်းတို့၏ရန်သူများကို အနိုင်ယူရန်၊ ၎င်းတို့၏လူမျိုးစုအမွေဆက်ခံခြင်းများကိုလုံခြုံစေရန်နှင့် ဘုရားသခင်အပေါ် ၎င်းတို့၏ပဋိညာဉ်သစ္စာစောင့်သိခြင်းကို ထပ်မံအသစ်ပြုရန် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြသည်။ ထို့ကြောင့် ကျမ်းရေးသူသည် ဤနယ်ပယ်တစ်ခုစီတွင် သူ၏မူလပရိသတ်ကိုလမ်းညွှန်ရန် ကျမ်းကိုရေးသားခဲ့သည်။

ဤရည်ရွယ်ချက်ကို ပြီးမြောက်စေရန်အတွက် ကျမ်းကိုအဓိက အပိုင်းသုံးပိုင်းဖြင့် ဖော်ပြထားပါသည်_ ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း အခန်းကြီး ၁-၁၂၊ ဣသရေလလူမျိုး၏လူမျိုးစုအမွေဆက်ခံခြင်းများ အခန်းကြီး ၁၃-၂၂ နှင့် ဣသရေလလူမျိုး၏ပဋိညာဉ်သစ္စာစောင့်သိမှု အခန်းကြီး

၂၃, ၂၄ ။ ဤသင်ခန်းစာတွင်၊ ကျမ်း၏ဒုတိယအဓိကအပိုင်းဖြစ်သော ဣသရေလလူမျိုးအား ခွဲဝေပေးထားသည့် လူမျိုးစုအမွေဆက်ခံခြင်းများကို လေ့လာပါမည်။

ယောရှုမှတ်စာ၏ဤအပိုင်းတွင် အဓိကအဆင့်သုံးဆင့်ရှိသည်။ ၁၃:၁-၁၄ တွင် ဣသရေလလူမျိုး၏အမွေခံနယ်နိမိတ်များနှင့် စတင်သည်။ ထို့နောက် ၁၃:၁၅–၂၁:၄၅ တွင် ဣသရေလအမျိုးအနွယ်တစ်ခုစီအားပေးထားသည့် သီးသန့်အမွေခွဲဝေမှုကို ဆက်၍ပြောသည်။ ၎င်းသည် ၂၂:၁-၃၄ တွင် ယောရှုကာလ ဣသရေလလူမျိုး၏ အမျိုးသားစည်းလုံးညီညွတ်မှုကို အလေးပေးသည့်ပြောဆိုမှုနှင့် အဆုံးသတ်ထားပါသည်။

ဤအစီအစဉ်ကို လိုက်နာခြင်းဖြင့်၊ ဤအဆင့်သုံးဆင့်ကို ကြည့်ရှုခြင်းဖြင့် ဣသရေလလူမျိုးစု၏ လူမျိုးစုအမွေဆက်ခံခြင်းများကို ဖော်ပြပါမည်။ ထို့နောက် ကျမ်း၏ဤအပိုင်းအပေါ် ခရစ်ယာန်ရှုထောင့်မှလက်တွေ့အသုံးပြုခြင်းဆိုင်ရာ ပြန်လည်ဖော်ပြမှုအချို့ဖြင့် နိဂုံးချုပ်ပါမည်။ ပထမအဆင့်ဖြင့်စကြပါစို့ – ဣသရေလလူမျိုး၏အမွေဆက်ခံမှုဆိုင်ရာ ကနဦးနယ်နိမိတ်များ။

# ကနဦးနယ်နိမိတ်များ

ယခင်သင်ခန်းစာတွင် ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ယောရှုအားကတိပြုထားသောပြည်၏ကြီးမားသောနယ်မြေများကို ဣသရေလလူမျိုးများအမွေဆက်ခံကြောင်း ကျမ်းရေးသားသူ နားလည်ခဲ့သည်။ ထို့ပြင် ဤအမွေသည် ကမ္ဘာမြေကြီးကိုအုပ်စိုးရန် လူသားမျိုးနွယ်ကို ဘုရားသခင် ဆက်လက်တောင်းဆိုမှု၏အထူးအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ ယောရှုလက်ထက်တွင်၊ ဣသရေလလူမျိုးသည် ၎င်းတို့၏ဘိုးဘေးအာဗြဟံအား ကတိပြုထားသောပြည်အားလုံးကိုမရရှိခဲ့ကြောင်း ကျမ်းရေးသူအသိအမှတ်ပြုခဲ့သည်။ ယင်းအစား၊ ဘုရားသခင်သည် ဣသရေလလူမျိုးကို ယင်း၏အပိုင်း၌ရပ်တည်ရာ၊ ခိုင်ခံ့သောတည်ရှိမှုကို ပေးခဲ့သည်။ သို့သော် ကျမ်းရေးသူ၏အမြင်အရ၊ ဣသရေလမျိုးဆက်တိုင်းသည် ထိုကနဦးမြင့်မြတ်သောနယ်နိမိတ်အတွင်းရှိ နယ်မြေများကို ခွဲခြားသတ်မှတ်ပြီး လုံခြုံအောင်ပြုလုပ်ရန် အရေးကြီးပါသည်။

ဣသရေလလူမျိုး၏ ကနဦးနယ်နိမိတ်များဆိုင်ရာ ဤမှတ်တမ်း၏ ရှုထောင့်နှစ်ခုကို ကြည့်ပါမည်။ ပထမ ၎င်း၏အခြေခံဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို မှတ်သားထားမည်ဖြစ်ပြီး၊ ဒုတိယ ကျမ်း၏ဤအပိုင်း၏မူလအဓိပ္ပာယ်ကို လေ့လာပါမည်။ ၎င်း၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ဦးစွာသုံးသပ်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

ယောရှုမှတ်စာ၏ဤအပိုင်းကို အပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမ၊ ၁၃:၁-၇ သည် ယော်ဒန်မြစ်အနောက်ဘက် ခါနာန်ပြည်၊ စီဂျော်ဒန်ရှိ ဣသရေလပြည် နယ်နိမိတ်များကိုအထူးပြုသည်။ ဒုတိယ၊ ၁၃:၈-၁၄ သည် ယော်ဒန်မြစ်အရှေ့ဘက် နယ်မြေများဖြစ်သော ထရန်ဂျော်ဒန်ရှိ ဣသရေလပြည် နယ်နိမိတ်များကိုအထူးပြုသည်။

ယောရှုမှတ်စာ၏ဤအပိုင်းကို ကျွန်ုပ်တို့ချဉ်းကပ်သောအခါ၊ ဣသရေလ၏အမွေခံနယ်နိမိတ်များဆိုင်ရာ နောက်ခံအနည်းငယ်ကို သတိရရန်လိုသည်။ ကမ္ဘာဦး ၁၅:၁၈-၂၁ တွင် ဘုရားသခင်သည် အာဗြဟံ၏သားမြေးများကို "အဲဂုတ္တု၏မြစ်မှစ၍"အနောက်ဘက်သို့ ချဲ့ထွင်မည့်ပြည်ကို ကတိပြုခဲ့သည်။ ဤအဲဂုတ္တုမြစ် သို့မဟုတ် "မြစ်" သို့မဟုတ် "ချောင်း"သည် ပျောက်ကွယ်သွားပြီဖြစ်သော နိုင်းမြစ်၏အရှေ့ဘက်ကမ်းတစ်ခုဖြစ်သည် သို့မဟုတ် နိုင်းမြစ်၏အရှေ့ဘက်တွင် ယနေ့ရှိနေဆဲဖြစ်သော Wadi El-Arish ဖြစ်သည်။ အာဗြဟံ၏နယ်မြေသည် အရှေ့မြောက်ပိုင်းအရပ် "ဥဖရတ်မြစ်ကြီး" တိုင်အောင် ရောက်လိမ့်မည်။ ထိုအရပ်မှ၊ ဣသရေလလူမျိုးများသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို မြေကြီးစွန်းတိုင်ပျံ့စေသည်။ သို့သော် လက်တွေ့တွင်၊ ဣသရေလပြည်သည် ဒါဝိဒ်၏နိုင်ငံတော်ကာလတိုင်အောင် ဤနယ်နိမိတ်များကို မရောက်ခဲ့ပါ။ ယောရှုခေတ်တွင်၊ ဘုရားသခင်သည် ယော်ဒန်မြစ်နှစ်ဘက်စလုံးရှိ ဤနယ်မြေများကိုနမူနာအဖြစ် ဣသရေလလူမျိုးကို အပိုင်းတစ်ပိုင်းသာ ပေးသနားခဲ့သည်။ သို့သော် ကျမ်းတွင် ဖော်ပြထားသည့်အတိုင်း ဤနယ်မြေများတွင် လုံခြုံစွာအခြေချနေထိုင်ခြင်းသည် ဣသရေလလူမျိုးအတွက် အရေးကြီးသော ပထမခြေလှမ်းဖြစ်သည်။

> အာဗြဟံမှအစပြု၍ လူမျိုးတစ်မျိုးဖြစ်ပေါ်လာမည်ဟု ဘုရားသခင်ကတိပြုခဲ့ပြီး၊ ထိုလူမျိုးသည် ကမ္ဘာမြေကြီးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့် အရေးပါသော အခန်းကဏ္ဍမှပါဝင်မည်ဖြစ်သည်။ သို့သော် ထိုအရာများထဲမှ တစ်ခုမှာ ကိုယ်တော်သည် သူတို့ကို နယ်မြေတစ်ခု ပေးခဲ့ခြင်းပင် ဖြစ်သည်။ ၎င်းက ဣသရေလလူမျိုးဟူသည် မည်သူဖြစ်သည်ဟူသည့် အဓိကအချက်ဖြစ်သည်။ သူတို့သည် နောက်ဆုံးတွင် အဲဂုတ္တုပြည်မှထွက်ခွာခဲ့ပြီး ထိုပြည်ကို ရသောအခါ ထိုက်တန်၍မဟုတ်ကြောင်း နားလည်ခဲ့ကြသော လူမျိုးဖြစ်သည်။ ဘုရားသခင်သည် သူ၏ကတိတော်နှင့် သူ၏တိကျသောအစီအစဉ်အတိုင်း သူတို့မထိုက်တန်၊ အခွင့်အရေးမရှိသော်လည်း ဖြစ်မြောက်အောင် ကမ္ဘာပေါ်တွင် နေရာတစ်ခုရရန် ကြိုတင်လမ်းခင်းပေးခဲ့သည်။
>
> **Dr Douglas Stuart**

## စီရော်ဒန်ရှိ နယ်နိမိတ်များ

စီရော်ဒန်ရှိ နယ်နိမိတ်များဆိုင်ရာပထမအပိုင်းသည် အခန်း ၁၂ တွင် ယောရှုသိမ်းပိုက်ခဲ့သော နယ်မြေများစာရင်းတွင် ထည့်သွင်းထားသည်။ ၁၃:၁ တွင် "ယောရှုသည်အို၍ အသက်ကြီးရင့်သောအခါ" နှင့် "သိမ်းယူရမည့်မြေလည်း အများကျန်သေး၏" ဟူသောအချက်ဖြင့် အစပြုထားသည်။ ကျန်သေးသောမြေသည် ဖိလိတ္တိပြည်နှင့် ခါနာန်ပြည်မြောက်ပိုင်း ဖြစ်သည်။ ၁၃:၆ တွင် ဘုရားသခင်က "ငါနှင်ထုတ်မည်"ဟု ကတိပြုခဲ့သည်။ ထို့ကြောင့် အခန်းငယ် ၇ တွင်၊ ဘုရားသခင်သည် ယောရှုအား ခါနာန်ပြည်ကို ဣသရေလလူမျိုး၏အမွေအဖြစ်ခွဲဝေရန် အမိန့်ပေးခဲ့သည်။

## ထရန်ရော်ဒန်ရှိ နယ်နိမိတ်များ

ဒုတိယအပိုင်း ၁၃:၈-၁၄ တွင်၊ ကျမ်းရေးသူသည် ထရန်ရော်ဒန်၏ ပြင်ပနယ်နိမိတ်များ— ယော်ဒန်အရှေ့ဘက်ရှိ နယ်မြေများကိုဖော်ပြခြင်းဖြင့် ဣသရေလလူမျိုး၏ကနဦးအမွေဆက်ခံပုံ အကြမ်းဖျင်းဖော်ပြချက်ကို အပြီးသတ်ခဲ့သည်။ ကျမ်းရေးသူသည် ၁၃:၈ တွင် မောရှေမသေဆုံးမီ ဤနယ်မြေများကို ဣသရေလလူမျိုး၏အမွေအဖြစ်ပေးအပ်ခဲ့သည့်မှတ်တမ်းဖြင့် စတင်ခဲ့သည်။

ဣသရေလလူမျိုး၏ ကနဦးလူမျိုးစုအမွေဆက်ခံခြင်းသည် ယော်ဒန်မြစ်အရှေ့ဘက်မှ တောင်ပိုင်းမောဘအထိလည်းကောင်း၊ မြောက်ပိုင်းဟေရမုန်တောင်အထိလည်းကောင်း ကျယ်ပြန့်သည်။ သို့သော် ကျမ်းရေးသူသည် ၁၃:၁၃ တွင် "ဂေရှုရိလူ သို့မဟုတ် မာခါသိလူများ" ကဲ့သို့သော အချို့သောလူမျိုးများကို ဣသရေလလူမျိုးသည် မနှင်ထုတ်သေးကြောင်း ရေးသားထားသည်။ သို့တိုင် ယောရှုလက်ထက်တွင် ဒေသတစ်ခုလုံးကို ဣသရေလလူမျိုး၏အမွေဖြစ်မည့်အကြောင်း မောရှေသတ်မှတ်ခဲ့သည်။ တတ်နိုင်သမျှပြည့်စုံစေရန်အတွက်၊ ကျမ်းရေးသူသည် စကားချပ်မှတ်တမ်းကို ၁၃:၁၄ တွင် ထည့်သွင်းထားသည်။ လေဝိသားတို့သည် အမွေခံရသော်လည်း၊ သူတို့၏အမွေသည် နယ်မြေထက် "ဘုရားသခင်အား မီးဖြင့်ပူဇော်သောပူဇော်သက္ကာ" ဖြစ်သည်ဟု သူရှင်းပြသည်။

> ယောရှုမှတ်စာရှိ နယ်မြေနယ်နိမိတ်ဆိုင်ရာ ပထဝီဝင်မေးခွန်းသည်
> အလွန်အရေးကြီးသည်၊ အထူးသဖြင့် တောင်များနှင့်သက်ဆိုင်သော
> မေးခွန်းများဖြစ်သည်...သူတို့လုပ်ဆောင်သည်မှာ၊ သူတို့သည်
> သန့်ရှင်းသောမြေနယ်နိမိတ်ကိုရေးဆွဲပြီး ၎င်းအမှတ်အသားသည်
> လမ်းညွှန်ဖြစ်လာသည်။ အစဉ်အလာအားဖြင့်၊ ဣသရေလပြည်၏
> မြောက်ပိုင်းအမှတ်အသားသည် ဟေရမုန်တောင်၊ အရှေ့ဘက်
> နယ်နိမိတ်ကိုတောင်များ၊ တောင်ပိုင်းသည် ဧဒုံပြည်ဖြစ်ပြီး၊ မောဘကုန်းများ၊
> မောဘပြည်နှင့် ဗာရှန်ပြည်၏တောင်များ၊ ကုန်းပြင်မြင့်များဖြင့်
> သတ်မှတ်ထားသည်။ ထို့ကြောင့်၊ ယနေ့ခေတ်ဂျော်ဒန်နိုင်ငံတဝှမ်း—
> ဂျော်ဒန်နိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းအထိ—အားလုံးကို အရှေ့ဘက်
> နယ်နိမိတ်များအဖြစ် သတ်မှတ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**Dr. Tom Petter**

ဣသရေလလူမျိုး၏အမွေဆက်ခံမှုဆိုင်ရာ ကနဦးနယ်နိမိတ်များ၏ အခြေခံဖွဲ့စည်းပုံနှင့် ပါဝင်သောအကြောင်းအရာများနှင့်အတူ၊ ကျွန်ုပ်တို့သည် ဤကျမ်းပိုဒ်များ၏ မူလအဓိပ္ပာယ်ကို လေ့လာရန် အနေအထားတွင်ရှိနေပြီဖြစ်သည်။ ကျမ်းရေးသူသည် ကျမ်း၏ဤအပိုင်းကို သမိုင်း၌ ဣသရေလလူမျိုး၏အမွေဆက်ခံခြင်းကို အကြမ်းဖျင်းဖော်ပြခြင်းဖြင့် အဘယ်ကြောင့် စတင်ခဲ့သနည်း။

# မူလအဓိပ္ပါယ်

ဤမေးခွန်းကိုဖြေဆိုရန်၊ တရားသူကြီးများ၊ ဘုရင်စနစ်နှင့် ဗာဗုလုန်၌ကျွန်ခံရသောကာလများ တွင်၊ ဘုရားသခင်ပေးထားသည့်နယ်မြေများကို ဣသရေလလူမျိုးတို့ရယူရန်နှင့် ထိန်းသိမ်းရန် ရုန်းကန် ခဲ့ရသည်ကို ကျွန်ုပ်တို့သတိရဖို့လိုသည်။ ဣသရေလအမျိုးအနွယ်များကြား ပဋိပက္ခများ၊ ဤပြည်ရှိ အခြားလူမျိုးများနှင့်ဖြစ်သော ပြဿနာများ၊ သဲကန္တာရမျိုးနွယ်များ၏ တိုက်ခိုက်မှုများ၊ နောက်ဆုံးတွင် အီဂျစ်၊ အာရှုရိနှင့် ဗာဗုလုန်ကဲ့သို့သော အင်ပါယာကြီးများ၏ ကြီးမားသောကျူးကျော်မှုများသည် အာဗြဟံအား ဘုရားသခင်ကတိပြုထားသည့်ပြည်တွင် ဣသရေလလူမျိုးတို့၏ အုပ်စိုးမှုကို အကြိမ်ကြိမ် လျော့ပါးစေခဲ့သည်။

ဤနယ်မြေများ၏အတိုင်းအတာကို ၎င်း၏ပရိသတ်များအား အသိပေးခြင်းဖြင့်၊ ဤနယ်မြေများ ကိုထိန်းချုပ်ရန် ၎င်းတို့အတွက် မည်မျှအရေးကြီးကြောင်း ကျမ်းရေးသူသည်ထောက်ပြခဲ့သည်။ သို့မှသာ လျှင် ဣသရေလလူမျိုးသည် နယ်မြေများပိုမိုရရှိရန်နှင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ကမ္ဘာ ပေါ်ရှိလူမျိုးအားလုံးကို ဖြန့်ဝေနိုင်မည်ဖြစ်သည်။

ဣသရေလလူမျိုး၏ အမွေဆက်ခံမှုဆိုင်ရာ ကနဦးနယ်နိမိတ်များကို မည်သည့်အခါမျှ မမေ့ ပျောက်မည့်အကြောင်း သူ၏ပရိသတ်အား ယုံကြည်မှုရှိစေရန်၊ ကျမ်းရေးသူသည် သူ၏ကျမ်းတွင် အစောပိုင်းဖော်ပြခဲ့သော အကြောင်းအရာငါးခုကို ဤအခန်းများတွင်ပါ ထည့်သွင်းဖော်ပြခဲ့သည်။

## ဘုရားသခင်၏အခွင့်အာဏာ

ပထမ၊ ဘုရားသခင်၏အခွင့်အာဏာသည် ဣသရေလလူမျိုး၏အမွေကို မည်သို့ထူထောင်ခဲ့ ကြောင်းသူထောက်ပြသည်။ သူသည် ၁၃:၁ တွင် "ထာဝရဘုရားက" ဟူသောစကားဖြင့် စီရင်ဒန်ကို စတင်အာရုံစိုက်ခဲ့သည်။ ၁၃:၆ တွင်၊ ဘုရားသခင်သည် ယောရှုအား "ငါမှာထားသည်အတိုင်း စာရေးတံ ပြုလျက် ထိုမြေကိုဣသရေလလူတို့အား အမွေဝေဖန်လော့"ဟု မိန့်ကြားခဲ့သည်။ ၎င်းအပြင်၊ ဘုရားသခင်၏အာဏာစက်သည် ဣသရေလလူမျိုး၏ နယ်နိမိတ်များကို ထရန်ဂျော်ဒန်တွင်လည်း တည်ထောင်ခဲ့သည်။ ၁၃:၈ တွင် "မောရှေပေးသည်အတိုင်း မိမိတို့အမွေမြေကိုခံကြပြီ" ဟု ဖတ်ရသည်။

ဣသရေလလူမျိုးအခြေချနေထိုင်ခြင်းဌာ နယ်မြေများ၏ ဤအစိတ်အပိုင်းများကိုသာသိမ်းပိုက် ရန် မည်မျှလွယ်ကူကြောင်း ယောရှုမှတ်စာရေးသူသည် သိခဲ့သည်။ ထို့ကြောင့်၊ နောင်လာနောက်သား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

များသည် ဤနယ်မြေများကို အပြည့်အဝပိုင်ဆိုင်မှုဆုံးရှုံးသွားပါက၊ ၎င်းတို့သည် ဘုရားသခင်၏ အခွင့်အာဏာနှင့် ကိုယ်တော်၏ အခွင့်အာဏာရှိသော လူသားကိုယ်စားလှယ်များကို ဆန့်ကျင်မှုဖြစ်ကြောင်း သူထင်ရှားစွာဖော်ပြခဲ့သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ ဣသရေလပြည်၏ ကနဦးနယ်နိမိတ်များကို ဘုရားသခင်က ဣသရေလလူမျိုးနှင့် ပြုသောပဋိညာဉ်အားဖြင့် လုံခြုံစေကြောင်း ယောရှုမှတ်စာရေးသားသူသည် မှတ်သားခဲ့သည်။ စီရော်ဒန်နှင့်ပတ်သက်၍၊ ၁၃:၆ တွင် ခါနာန်ပြည်အားလုံးကို ဣသရေလလူမျိုးပိုင်ကြောင်း ဟေဗြဲဘာသာဖြင့် "အမွေ" သို့မဟုတ် "nachalah" (*Nāḥălā*) ဟု ဘုရားသခင်ရှင်းပြခဲ့သည်။ အစောပိုင်းသင်ခန်းစာများတွင် ကျွန်ုပ်တို့လေ့လာခဲ့သည့်အတိုင်း၊ ဤနယ်မြေများကို ဣသရေလလူမျိုး၏အမွေဟုခေါ်ရခြင်းမှာ အာဗြဟံနှင့်ပြုသောပဋိညာဉ်အရ၊ ဘုရားသခင်သည် ၎င်းကို ဣသရေလလူမျိုးအတွက် တည်မြဲသော ပိုင်ဆိုင်မှုအဖြစ် ကတိပြုထားသောကြောင့်ဖြစ်သည်။ သိနာတောင်တွင် မောရှေနှင့်ပြုသောပဋိညာဉ်၌ ဘုရားသခင်သည် ဤကတိတော်ကို အတည်ပြုခဲ့သည်။ အလားတူပင် ၁၃:၈ တွင် ထရန်ရော်ဒန်ကိုလည်း ဣသရေလလူမျိုး၏အမွေဟုခေါ်သည်။

ဘုရားသခင်၏ပဋိညာဉ်ကို ဤနည်းဖြင့်အာရုံစိုက်ခြင်းဖြင့်၊ ကျမ်းရေးသူ၏သတင်းစကားသည် မမှားနိုင်ပါ။ ဣသရေလမျိုးဆက်တိုင်းသည် ဤပြည်များအပေါ် ဣသရေလလူတို့၏ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်မှုကို ၎င်းတို့၏ဘိုးဘေးများနှင့်အတူ ဘုရားသခင်၏မြင့်မြတ်သောပဋိညာဉ်အားဖြင့် တည်ထောင်ထားကြောင်း အသိအမှတ်ပြုသင့်သည်။

> ကမ္ဘာဦးကျမ်းတွင်၊ ဘုရားသခင်သည် အာဗြဟံနှင့်ပဋိညာဉ်ဖွဲ့သောအခါ၊ အမှန်အားဖြင့် အချက်လေးချက်ကို ကတိပြုခဲ့သည်။ သားစဉ်မြေးဆက်များဆိုင်ရာကတိတော်– ကောင်းကင်ကြယ်များ၊ ပင်လယ်ရှိသဲများကဲ့သို့ များပြားကြလိမ့်မည်။ သူတို့ကိုကာကွယ်ပေးမည့်ကတိတော်—သူတို့၏ ဘုရားသခင်ဖြစ်မည်၊ သူတို့နှင့်အတူရှိမည်၊ သူတို့ကိုကြီးပွားစေမည်ဟု ကတိပြုခဲ့သည်။ သူတို့သည် လူမျိုးအားလုံးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်အကြောင်း၊ မေရှိယသည် ဟေဗြဲလူမျိုး၊ ယုဒအနွယ်မှတစ်ဆင့် ကြွလာမည်ဖြစ်ကြောင်းကိုလည်း ကတိပြုခဲ့သည်။ စတုတ္ထအချက်မှာ၊ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏လူများသည် ခါနာန်ပြည်ကို ပိုင်ဆိုင်ရမည်ဟု ကတိပြုခဲ့သည်…ထို့အပြင် ၎င်းသည် ဣသရေလလူမျိုးအတွက် ယေဘူယျကတိတစ်ခုသာမက၊ ဘုရားသခင်၏မိသားစုအတွင်း အမွေကိုယ်စီရရှိကြသည့် မျိုးနွယ်များအတွက် သီးသန့်ဖြစ်သည်။
>
> **Rev. Kevin Labby**

## မောရှေပညတ်တရားစံနှုန်း

တတိယ၊ ဣသရေလလူမျိုး၏ကနဦးနယ်နိမိတ်မှတ်တမ်းသည် မောရှေ၏ပညတ်တရားစံနှုန်းနှင့်အညီဖော်ပြထားသည်။ ဥပမာ၊ စီရင်ချက်အစပိုင်းကဏ္ဍ ၁၃:၁ တွင် ဘုရားသခင်သည် "သိမ်းယူရမည့်မြေလည်း အများကျန်သေး၏" ဟုဆိုခဲ့သည်။ ဤသည်မှာဖွင့်ပြမှုအသစ်မဟုတ်ပါ။ ၎င်းသည် တရားဟောရာ ၂၀:၁၆၊ ၁၇ တွင် ဣသရေလလူမျိုးတို့ပိုင်ဆိုင်ရန် မောရှေညွှန်ကြားခဲ့သည့် နယ်မြေများအပေါ်အခြေခံထားသည်။ အလားတူပင်၊ ထရန်ဂျော်ဒန်ကဏ္ဍသို့ ရောက်သောအခါ၊ ၁၃:၈ သည် "မောရှေပေးသည်အတိုင်း မိမိတို့အမွေမြေကိုခံကြပြီ" ဟုဖော်ပြသည်။ မောရှေ၏ပညတ်တရားသည် တောလည်ရာ ၃၂:၃၃-၄၂ နှင့် တရားဟောရာ ၃:၈-၁၇ ကျမ်းပိုဒ်များအရ၊ ဂျော်ဒန်တခွင် ဤနယ်မြေများကိုပိုင်နိုင်ခွင့်ပေးထားသည်။

ဣသရေလလူမျိုး၏ကနဦးလူမျိုးစုဆိုင်ရာ အမွေများပိုင်ဆိုင်ရန်လိုအပ်ကြောင်း သူ၏ပရိသတ်ထဲမှမေးခွန်းထုတ်သူတိုင်းကို ရှင်းပြရန် မောရှေ၏တရားတော်ကို ယောရှုမှတ်စာရေးသားသူက အာရုံစိုက်ခဲ့သည်။ မောရှေကိုယ်တိုင်က ထိုနယ်မြေများကိုသိမ်းပိုက်ရန် ဣသရေလလူမျိုးအား အမိန့်ပေးခဲ့သည်။

## ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ ကျွန်ုပ်တို့၏ကျမ်းရေးသူသည် ဣသရေလလူမျိုးနယ်မြေများ၏ ကနဦးနယ်နိမိတ်များကိုကိုင်တွယ်ဖြေရှင်းရာတွင် ဘုရားသခင်၏ သဘာဝလွန်တန်ခိုးကို အာရုံစိုက်ခဲ့သည်။ စီရင်ချက်နှင့်ပတ်သက်သောကဏ္ဍ ၁၃း၆ တွင်၊ ဘုရားသခင်က "[ကျန်ခါနန်လူများကို] ဣသရေလအမျိုးသားရှေ့မှငါနှင်ထုတ်မည်"ဟု မိန့်တော်မူခဲ့သည်။ ထရန်ဂျော်ဒန်နှင့်ပတ်သက်သည့်အပိုင်းတွင်၊ ဤနယ်မြေကိုပိုင်ဆိုင်ခြင်းသည် မောရှေအားဘုရားသခင်ပေးသနားခဲ့သော သဘာဝလွန်အောင်မြင်မှုများမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဖော်ပြသည်။ ၁၃:၁၀ တွင် "အာမောရိရှင်ဘုရင် ရှိဟုန်" ကို အံ့ဖွယ်နည်းဖြင့်အောင်မြင်မှုခံခြင်းကို သူရည်ညွှန်းခဲ့သည်။ အခန်းငယ် ၁၂ တွင် "ဗာရှန်ရှင်ဘုရင်ဩဃ" ကို အံ့ဖွယ်နည်းဖြင့် အောင်မြင်မှုခံခဲ့မှုကို သူပြန်အမှတ်ရသည်။

ဤအပိုင်းနှစ်ခုစလုံးသည် မူလပရိသတ်အား ၎င်းတို့၏ကိုယ်စား ဘုရားသခင်၏ကြားဝင်ဆောင်ရွက်ပေးမှုအပေါ် မျှော်လင့်ချက်ထားရှိရမည်ဟု ဖော်ပြသည်။ သို့မှသာ စီရင်ချက်နှင့် ထရန်ဂျော်ဒန်တို့တွင် ၎င်းတို့၏အမွေကို ရယူပိုင်ဆိုင်နိုင်ရန် လက်တွေ့ကျကျမျှော်လင့်နိုင်မည်ဖြစ်သည်။

## ဣသရေလလူမျိုးအားလုံး

ပဉ္စမ၊ ဣသရေလလူမျိုး၏ကနဦးနယ်နိမိတ်မှတ်တမ်းများသည် ဣသရေလလူမျိုးအားလုံး၏ ပါဝင်မှုကို အာရုံစိုက်ခဲ့သည်။ စီရင်ချက်သည် "ဣသရေလအမျိုးကိုးမျိုးနှယ်နှင့် မနာရှေအမျိုးတစ်ဝက်" တို့ခွဲဝေရမည်ဟု ယောရှု ၁၃:၇ တွင် မှတ်သားထားသည်။ ယောရှု ၁၃:၈ တွင် ထရန်ဂျော်ဒန်သည် "ရုဗင်အမျိုး၊ ဂဒ်အမျိုး၊ မနာရှေအမျိုးတဝက်" ၏အမွေဖြစ်ကြောင်း ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလလူမျိုးအားလုံး၏အကြောင်းအရာကို ထပ်လောင်းမီးမောင်းထိုးပြရန်၊ ၁၃:၁၄ တွင်လည်း လေဝိအနွယ်၏ အထူးအမွေကို ဖော်ပြသည်။

သူအကြိမ်ကြိမ် ဖော်ပြသကဲ့သို့ ကျမ်းရေးသူသည် ဣသရေလအမျိုးအနွယ်များ အတူတကွ ရပ်တည်ရမည့်အကြောင်းကို သူ၏မူလပရိသတ်အား နားလည်စေခဲ့သည်။ ဘုရားသခင့်လူများ၏ စည်းလုံးညီညွတ်မှုသည် ယော်ဒန်မြစ်၏နှစ်ဘက်စလုံးရှိ ကနဦးနယ်နိမိတ်တစ်လျှောက်တွင် ၎င်းတို့၏ တည်ရှိမှုကိုတည်ထောင်ရန် မရှိမဖြစ်လိုအပ်သည်။

ဣသရေလလူမျိုးများ၏လူမျိုးစုအမွေဆက်ခံခြင်းဆိုင်ရာ ကနဦးနယ်နိမိတ်များကို မြင်ပြီးသည်နောက်၊ ဤသင်ခန်းစာ၏ ဒုတိယအဓိကအကြောင်းအရာဖြစ်သော_ မျိုးနွယ်တစ်ခုစီအတွက် သီးသန့်အမွေခွဲဝေမှုများကို ကျွန်ုပ်တို့လေ့လာသင့်သည်။ ဤနယ်မြေများကို မည်သို့ခွဲဝေမည်နည်း။

# သီးသန့်ခွဲဝေမှုများ

ကျမ်း၏ဤအပိုင်းတွင်၊ ကျမ်းရေးသူသည် ဣသရေလလူမျိုး၏ နယ်နိမိတ်များခွဲခြားသတ်မှတ်ခြင်းထက်ကျော်လွန်ပြီး၊ သီးသန့်မျိုးနွယ်များအတွက် သီးသန့်နယ်မြေအပိုင်းများကို အာရုံစိုက်ခဲ့သည်။ ကျွန်ုပ်တို့မြင်တွေ့ရသည်အတိုင်း၊ အချို့မျိုးနွယ်များသည် အခြားသူများထက် ပိုကြီးပြီး သာ၍ကောင်းမွန်သောအမွေများကို ရရှိသောကြောင့် ဤခွဲဝေချထားပေးမှုသည် ပြဿနာရှိနေသည်။ ဤကွာဟချက်များသည်မယုံကြည်မှု၊ အလွဲသုံးစားလုပ်မှု၊ ကွဲပြားမှု၊ မျိုးနွယ်များကြား စစ်ပွဲများအထိ ဖြစ်စေခဲ့ကြောင်း တရားသူကြီးမှတ်စာ၊ ဓမ္မရာဇဝင်ကျမ်းများကဖော်ပြသည့်မှာ အံ့သြစရာမဟုတ်ပေ။ ဤပြဿနာမျိုးများကို သူ၏မူလပရိသတ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပေးရန်၊ ကျမ်းရေးသူသည် ယောရှုလက်ထက်တွင် ဘုရားသခင်တည်ထောင်ခဲ့သော သီးသန့်လူမျိုးစုအမွေခွဲဝေမှုကို လေးစားမှုရှိရန် တောင်းဆိုခဲ့သည်။

ကျွန်ုပ်တို့၏ပုံမှန်နည်းလမ်းအတိုင်း ဣသရေလလူမျိုး၏အမွေခွဲဝေမှုများအကြောင်း ကျမ်းရေးသူ၏တင်ပြချက်ကို ကြည့်ရှုပါမည်။ ပထမ၊ ၎င်း၏အခြေခံဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို စစ်ဆေးမည်ဖြစ်ပြီး ဒုတိယ၊ ၎င်း၏မူလအဓိပ္ပာယ်ကို လေ့လာပါမည်။ ယောရှုမှတ်စာဤအပိုင်း၏ ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ဦးစွာကြည့်ကြပါစို့။

## ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

၁၃:၁၅–၂၁:၄၅ တွင် ဣသရေလလူမျိုး၏ သီးသန့်လူမျိုးစုအမွေခွဲဝေမှုမှတ်တမ်းသည် ရှုပ်ထွေးနိုင်သည်။ ၎င်းတွင် လူများ၊ ဒေသများ၊ မြို့များနှင့် ကျေးရွာများ၏ ရှည်လျားသောစာရင်းများပါဝင်ပြီး၊ အတိုချုံးဇာတ်လမ်းများနှင့် စကားချပ်များဖြင့် ရောယှက်ထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအမျိုးအစားအားလုံး၏အဓိကအယူအဆများကို ဆုပ်ကိုင်နိုင်ရန်၊ ၎င်းတွင် အဓိကအပိုင်းနှစ်ပိုင်း ပိုင်းခြားထားသည့်_မောရှေညွှန်ကြားသည့် ထရန်ဂျော်ဒန်ရှိ လူမျိုးစုအမွေခွဲဝေမှု ၁၃:၁၅-၃၃ နှင့် ယောရှုညွှန်ကြားခဲ့သော စီဂျော်ဒန်ရှိ လူမျိုးစုအမွေခွဲဝေမှုဆိုင်ရာမှတ်တမ်းများ ၁၄:၁–၂၁:၄၅ ဖြစ်သည်။

ထရန်ဂျော်ဒန်ရှိ လူမျိုးစုအမွေခွဲဝေမှုမှတ်တမ်းသည် တိုတောင်းသည်။ ၁၃:၁၅-၂၃ တွင် ရုဗင် အမျိုးနှင့်စတင်သည်။ ဂဒ်အမျိုးသည် အခန်းငယ် ၂၄-၂၈ တွင်တွေ့ရသည်။ အခန်းငယ် ၂၉-၃၁ တွင် ထရန်ဂျော်ဒန်တွင် မနာရှေ၏အမျိုးတစ်ဝက်ကို ခွဲဝေပေးမှုအား တွေ့ရသည်။ ထို့နောက် အခန်းငယ် ၃၂၊ ၃၃ တွင် လေဝိအမျိုး၏အထူးအမွေကို ဖော်ပြခြင်းဖြင့် ကျမ်းရေးသူသည် ရှေ့အခန်းကဲ့သို့ ဤအပိုင်းကို အဆုံးသတ်ခဲ့သည်။

> လေဝိအမျိုးသည် ဣသရေလလူမျိုးတစ်ခုလုံးအတွက် ယဇ်ပုရောဟိတ်အမှုကို ထမ်းဆောင်သောအနွယ်အဖြစ် ရွေးချယ်ခံရသောကြောင့်၊ ယင်းအနွယ်သည် မည်သည့်နယ်မြေကိုမျှ အမွေမခံရပေ။ ဘုရားသခင်သည် သူတို့၏အမွေ ဖြစ်တော်မူသည်ဟု ယောရှု ၁၃ တွင် ဖော်ပြထားသည်။ ထို့အတွက်ကြောင့် ဣသရေလလူမျိုးတစ်ဆယ့်နှစ်မျိုး၏အမွေခွဲဝေခြင်းမှ လေဝိအမျိုးကို ဖယ်ထားပြီး၊ လေဝိအမျိုးရရှိသောအစိတ်အပိုင်းမှာ ဣသရေလလူမျိုးများ ပေးသောဆယ်ဖို့တစ်ဖို့အလှူဖြစ်သည်။

**Rev. Henryk Turkanik**

ဤအခန်းငယ်များတွင် ယောရှုမှတ်စာရေးသားသူသည် ရုဗင်၊ ဂဒ်နှင့် မနာရှေအမျိုးတဝက်တို့အားယော်ဒန်မြစ်အရှေ့ဘက်ရှိနယ်မြေများကို ခွဲဝေပေးကြောင်းကို ဂရုတစိုက်ဖော်ပြခဲ့သည်။ ခြုံငုံသုံးသပ်၍ကြည့်လျှင် ဤခွဲဝေပေးမှုများသည် ရှင်းလင်းသည်ဟုထင်ရသော်လည်း လူမျိုးစုများအတွက် ဤခွဲဝေမှုများသည် ရိုးရှင်းသည်မဟုတ်ပါ။ နယ်နိမိတ်ချင်းဆက်စပ်နေသော နယ်မြေများဆိုင်ရာ သဘောထားကွဲလွဲမှုများသည် သီးသန့်ဒေသများ၊ မြို့ရွာများကိုမည်သူပိုင်ဆိုင်ကြောင်းနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်အချို့ကို ကျမ်းရေးသူအားရှင်းပြစေခဲ့သည်။

> မျက်မှောက်ခေတ်ခရစ်ယာန်များသည် ယောရှုမှတ်စာ အခန်းကြီး ၁၃–၂၂ ကိုဖတ်သောအခါ၊ အမှန်တကယ် စိတ်ဝင်စားမှုမရှိစေသည့်အရာတစ်ခုကို ကြုံတွေ့ရသည်၊ ယင်းမှာ ဤအနွယ်နှင့် ထိုမျိုးနွယ်အတွက် ဤမြို့ ထိုမြို့များ စသည်ရှည်လျားသောနယ်နိမိတ်စာရင်းများဖြစ်သည်။ တစ်ခါတရံမျက်မှောက်ခေတ်လူများသည် ၎င်းကိုဖတ်သည့်အခါ "ကမ္ဘာကြီးပေါ် ဤအရာသည် ဘာသာရေးနှင့် မည်သို့သက်ဆိုင်သနည်း"သို့မဟုတ် "၎င်းသည် ယုံကြည်ခြင်းနှင့် မည်သို့သက်ဆိုင်သနည်း" ဟု ပြောကြသည်။ ယောရှုမှတ်စာ၏မူလ အခြေအနေတွင်၊ မျိုးနွယ်တစ်ခုချင်းအနေဖြင့်၎င်း၊ ပေါင်းစည်းထားသောလူမျိုး အဖြစ်၎င်း ဘုရားသခင်နှင့်အတူလျှောက်လှမ်းသည့် ဣသရေလလူမျိုး၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယုံကြည်ခြင်းနှင့်များစွာသက်ဆိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်
ဘုရားသခင်သည် ရှင်ဘုရင်အနေဖြင့် ဣသရေလလူမျိုး
တစ်ဆယ့်နှစ်မျိုးကိုကမ္ဘာပေါ်တွင် နေထိုင်ရာနေရာများကို
ခွဲဝေပေးသောကြောင့်ဖြစ်သည်။ ၎င်းသည် သူတို့၏ထာဝရအမွေဖြစ်ရန်
ထိန်းသိမ်းထားရမည့်အရာဖြစ်ပြီး၊ သူတို့၏ဦးတည်ရာ၊ ဣသရေလလူမျိုး
တစ်မျိုးသားလုံးအတွက် မွေးရပ်ဇာတိမြေဖြစ်သည်။

**Dr Richard L. Pratt, Jr.**

ယင်းနောက်၊ စီရင်္ဂေဒန်တွင် ယောရှုပြုလုပ်ခဲ့သော သီးသန့်လူမျိုးစုအမွေခွဲဝေမှုဆိုင်ရာ ရှည်လျားသောမှတ်တမ်းတစ်ခုကို ကျမ်းရေးသူသည်ဖော်ပြသည်။ အဆိုပါအကြောင်းအရာများကို အဓိကအပိုင်းခြောက်ခုဖြင့် ပိုင်းခြားထားသည်။

## အဖွင့်အကျဉ်းချုပ်

၎င်းတို့သည် ၁၄:၁-၅ တွင် ယောရှု၏လုပ်ဆောင်မှုများနှင့် ထရန်ဂျော်ဒန်တွင်မောရှေပြုခဲ့သောအရာကို ထင်ဟပ်စေပုံကိုအဖွင့်အကျဉ်းချုပ်ဖော်ပြချက်ဖြင့်စတင်သည်။ စီရင်္ဂေဒန်၌ ယောရှု၏အမွေဆက်ခံခြင်းတာဝန်များသည် ဘုရားသခင်အလိုတော်နှင့်ညီကြောင်း ဤအပိုင်းတွင် တစ်ကြိမ်ထက်မကမှတ်သားထားသည်။

## နိဂုံး အကျဉ်းချုပ်

ပထမအပိုင်းနှင့် ဟန်ချက်ညီစွာဖြင့်၊ စီရင်္ဂေဒန်၌ခွဲဝေမှုမှတ်တမ်းသည် ၂၁:၄၃-၄၅ တွင်နိဂုံးအကျဉ်းချုပ်ဖြင့် အဆုံးသတ်ထားသည်။ ကျမ်းရေးသူက ၂၁:၄၃ တွင် လူမျိုးစုအားလုံး "[မိမိတို့ပြည်ကို] သိမ်းယူ၍နေရာကျကြ၏" ဟု ရှင်းပြသည်။ အခြေအနေ မည်မျှသာလွန်ကောင်းမွန်သည်ကို သူ၏ပရိသတ်အားညွှန်ပြရန်၊ ကျမ်းရေးသူသည် ဤအခန်းတစ်ခုလုံးကို အခန်းငယ် ၄၅ တွင် "ထာဝရဘုရားသည် ဣသရေလအမျိုးအဖို့ မိန့်တော်မူသော ကောင်းကျိုးတစ်စုံတစ်ပါးမျှ မလျော့၊ ရှိသမျှတို့သည် ပြည့်စုံကြ၏"ဟု အဆုံးသတ်ထားသည်။

ယောရှု ၁၃-၂၂ တွင်၊ ဣသရေလလူတို့အား ဘုရားသခင်ပေးသော
ပဋိညာဉ်ကတိတော်များကို ကျွန်ုပ်တို့နားလည်သဘောပေါက်ရသည်၊
အကြောင်းမှာ ထိုအခန်းများတွင် တစ်ဆယ့်နှစ်မျိုးသော မျိုးနွယ်အသီးသီး
အတွက် နယ်မြေခွဲဝေခြင်းကို တွေ့မြင်ရသောကြောင့်ဖြစ်သည်။ အထူးသဖြင့်
မှတ်သားစရာမှာ ၂၁:၄၅ တွင် ဘုရားသခင်သည် အာဗြဟံအားနယ်မြေပေးခြင်း၊
လူမျိုးဖြစ်စေခြင်း၊ သူ၏လူများကြားတွင်ချီးမြှောက်ခြင်း စသည့်မပြည့်စုံသည့်
ကတိတော် တစ်ခုမျှမရှိခြင်းကို စာဖတ်သူအားပြန်၍ညွှန်ပြခြင်းဖြစ်သည်။

ထိုပြည်ကို အလုံးစုံခွဲဝေပြီးနောက်၊ ရှေးလွန်ခဲ့သောကာလ ကမ္ဘာဦးကျမ်း ၁၂ တွင် အာဗြဟံအား ဘုရားသခင်ကတိထားခဲ့သောပြည်တွင် ဣသရေလလူမျိုးများ ယခုနေထိုင်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။

**Rev. Michael J. Glodo**

## ယုဒ

ဤကျမ်းအဆုံးသတ်မှုနှစ်ခုကြားတွင် အဓိကအပိုင်းလေးပိုင်းရှိသည်။ ၁၄:၆–၁၅:၆၃ တွင် ဣသရေလလူမျိုး၏အထင်ရှားဆုံးဖြစ်သော ယုဒအမျိုးနှင့် စတင်သည်။ ဤကျမ်းချက်များအရ၊ ယုဒအမျိုးသည် နေဂတ်တောင်ပိုင်းနှင့် ဒေသနယ်နိမိတ်အထိ ကြီးမားသောအမွေကို ရရှိခဲ့သည်။ အနောက်ဘက်တွင် နယ်နိမိတ်သည် ဖိလိတ္တိပြည်သို့ရောက်ရှိပြီး မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အဲဂုတ္တုမြစ်အထိကျယ်ပြန့်သည်။ မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ယေရုရှလင်မြို့— သို့မဟုတ် "ယေဘုစ်"ဟုထိုအချိန်ကခေါ်သည်—၏မြောက်ပိုင်းသို့ အနည်းငယ် ရောက်ရှိပြီး၊ အရှေ့ဘက်တွင် ပင်လယ်သေအထိ ရောက်ရှိခဲ့သည်။

ကျမ်းရေးသူသည် ဤစာရင်းတွင်ယုဒ၏ခွဲဝေမှုကို ဦးစွာထည့်သွင်းပြီး၊ ယုဒမည်မျှရရှိခဲ့သည်ကို ဖော်ပြရခြင်းကို နားလည်နိုင်သည်။ ကမ္ဘာဦး ၄၉:၈-၁၂ အရ ယုဒအမျိုးအား ဣသရေလလူမျိုး၏ တော်ဝင်အနွယ်ဖြစ်ရန် ရည်မှန်းထားသည်။ ကျမ်းရေးသူသည် ထင်ရှားသောယုဒစစ်သည် ကာလက်အား ပေးအပ်ထားသောနယ်မြေများအကြောင်း အတိုချုံးပြောပြခြင်းဖြင့် ယုဒအမျိုးအားပေးအပ်သောဂုဏ်ကို ဦးစွာအလေးပေးဖော်ပြခဲ့သည်။ ထို့နောက် ယုဒနယ်မြေရှိ မြို့ရွာ ၁၂၆ ခုကို အမည်နှင့်တကွဖော်ပြခဲ့သည် — အခြားမျိုးနွယ်များ၏စာရင်းထက် များစွာသာလွန်သည်။

## ဧဖရိမ်/မနာရှေ

စီဂျော်ဒန်တွင် ယုဒအမျိုး၏တောင်ပိုင်းခွဲဝေမှုမှတ်တမ်းပြီးနောက်၊ အခန်း ၁၆၊ ၁၇ တွင် ယောသပ်၏သား ဧဖရိမ်နှင့် မနာရှေအနွယ်တို့အားပေးခဲ့သော ရှည်လျားသည့် ဒုတိယမြောက်မှတ်တမ်း ကိုတွေ့ရသည်။

ဧဖရိမ်နှင့် မနာရှေတို့သည် ခါနာန်မြောက်ပိုင်းဒေသများတွင် နယ်မြေအများအပြားရရှိခဲ့သည်။ ယော်ဒန်မြစ်မှ မြေထဲပင်လယ်အထိမနာရှေနှင့် တောင်ပိုင်းသို့ဧဖရိမ်အား ခွဲဝေပေးသည်။ ဤနယ်မြေများသည် ကတိတော်ပြည်၏မြေသြဇာအရှိဆုံးများထဲတွင် ပါဝင်သည်။ ထို့အပြင် မနာရှေအနွယ် တစ်ဝက်သည် ယော်ဒန်မြစ်အရှေ့ဘက်တွင် မြေနေရာပေးထားပြီးဖြစ်ကြောင်းကို သင်မှတ်မိပေမည်။

ဤအနွယ်များသည် ဣသရေလလူမျိုး၏ အမွေအမြောက်အမြားနှင့် ကြွယ်ဝသောအစိတ်အပိုင်းကို ပိုင်ဆိုင်ခွင့်ရရှိခြင်းသည် အံ့သြစရာမဟုတ်ပါ။ ကမ္ဘာဦးကျမ်း ၄၈၊ ၄၉ တွင် ရှင်းပြထားသည့်အတိုင်း ဧဖရိမ်နှင့် မနာရှေတို့သည် ယောသပ်၏သားများဖြစ်ကြသည်။ ယောသပ်သည် အဲဂုတ္တုပြည်၌ ဘုရားသခင်အပေါ် အလွန်သစ္စာစောင့်သိခဲ့သောကြောင့် ဂုဏ်ပြုခြင်းခံရသည်။ သူသည် ရှဗင်ကို

ယာကုပ်၏သားဦးအဖြစ် အစားထိုးပြီး သူ၏သားနှစ်ယောက်မှတစ်ဆင့် သားဦးအမွေနှစ်ဆကို ရရှိခဲ့သည်။

> ထို့ကြောင့်၊ ဖေရိမ်နှင့် မနာရှေတို့သည် ယောသပ်၏သားများဖြစ်ကြသည်။ သူတို့သည် ယာကုပ်၏သားများမဟုတ်ပါ — ယာကုပ်သည် ဣသရေလဟု အမည်ပြောင်းခဲ့သည် — ယာကုပ်တွင် သားဆယ့်နှစ်ယောက်ရှိသည်။ ၎င်းထဲက တစ်ယောက်ဖြစ်သောယောသပ်သည် အီဂျစ်ပြည်တွင် ကျွန်အဖြစ် ရောင်းစားခြင်းခံရသည်။ ဣသရေလလူတို့၏သားဦးအပေါင်းတို့အစား လေဝိအမျိုးကိုတစ်ဆယ့်နှစ်မျိုးထဲက သိမ်းယူမည်ဟု ထာဝရဘုရား ဆုံးဖြတ်တော်မူသည်...ထို့နောက် ယာကုပ်၏ကောင်းချီးမင်္ဂလာကို ယောသပ်၏သားများဖြစ်သည့် ဖေရိမ်နှင့် မနာရှေတို့အပေါ်ပေးကာ၊ သူတို့နှစ်ဦးသည် လေဝိနှင့်ယောသပ်ကိုရေတွက်ရာ၌ နေရာယူထားသကဲ့သို့ ဖြစ်သည်။ တစ်ဆယ့်နှစ်မျိုးတို့နယ်မြေကိုခွဲဝေသောအခါ၊ ဖေရိမ်နှင့် မနာရှေတို့သည် အသီးအသီးနယ်မြေခွဲဝေရရှိ၍၊ ... ဖေရိမ်နှင့် မနာရှေတို့သည် ယောသပ်ကို ကိုယ်စားပြုသည်။
>
> **Dr James M. Hamilton**

အခန်း ၁၆ သည် စီရင်ဒန်ရှိ ယောသပ်၏နယ်မြေအားလုံးကို ခြုံငုံသုံးသပ်ချက်ဖြင့် အစပြုကာ၊ ထို့နောက် ဖေရိမ်အမျိုးနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ဖော်ပြသည်။ ယင်းနောက် အခန်း ၁၇ တွင်၊ တောလည်ရာ ၂၇ မှ ဇလောဖဒ်၏သမီးများ နယ်မြေအမွေဆက်ခံသည့်အကြောင်း အပါအဝင် မနာရှေအနွယ်၏ဇာတ်လမ်းကို ဖော်ပြသည်။ ဖေရိမ်နှင့် မနာရှေတို့သည် အဘယ်ကြောင့် နယ်မြေပိုမိုရရှိကြသနည်းဟူသော ဤအပိုင်းကို ယောရှု၏ရှင်းလင်းချက်ဖြင့် နိဂုံးချုပ်ထားသည်။

ဖေရိမ်အမျိုးနှင့် မနာရှေအမျိုးတို့ကို အသားပေးမှု သိသာထင်ရှားသည့်အကြောင်းမှာ ဤလူမျိုးတို့သည် ကျမ်းကိုရေးသားချိန်၌ အမျိုးမျိုးသောဒုက္ခကို ခံစားခဲ့ရသောကြောင့်ဖြစ်သည်။ သို့သော် ဤသမိုင်းတွင်ပင် ဣသရေလလူမျိုးသည် ယောသပ်အနွယ်များကို ဘုရားသခင်ချီးမြှောက်ခဲ့ပုံကို အသိအမှတ်ပြုသင့်သည်ဟု ကျမ်းရေးသူဖော်ပြသည်။

## မျိုးနွယ်စုငယ်များ

ထင်ရှားသောယုဒအမျိုး၊ ဖေရိမ်အမျိုးနှင့် မနာရှေအမျိုးတို့ကို နယ်မြေခွဲဝေမှုအကြောင်း ဖော်ပြပြီးနောက်၊ ကျမ်းရေးသူသည် အခန်းကြီး ၁၈၊ ၁၉ တွင်မျိုးနွယ်ငယ်များထံ လှည့်သွားခဲ့သည်။ ၁၈:၁-၁၀ တွင် မျိုးနွယ်တစ်ခုစီ၏ကိုယ်စားလှယ်များအား ဤပြည်ကိုလေ့လာသုံးသပ်ရန် ယောရှုခေါ်ပုံ အကြောင်းဖြင့် စတင်ခဲ့သည်။ ၁၉:၄၉-၅၁ တွင် မျိုးနွယ်များသည် ယောရှု၏မိသားစုအား အထူးအမွေကို ပေးခြင်းဖြင့်၊ ဤအစီအစဉ်များကို အတည်ပြုကြောင်းဖော်ပြသည့် ဇာတ်လမ်းဖြင့် အဆုံးသတ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအဖွင့်နှင့် အပိတ်ဇာတ်လမ်းများကြားတွင်၊ ကျမ်းရေးသူသည် ဣသရေလလူနည်းစုဖြစ်သော ဗယ်ာမိန်၊ ရှိမောင်၊ ဇာဗုလုန်၊ ဣသခါ၊ အာရှာ၊ နဿလိနှင့် ဒန်အမျိုးများ၏အမွေခွဲဝေမှုကို မှတ်တမ်းပြု ထားခဲ့သည်။ ထိုမျိုးနွယ်များသည် အမွေများရရှိခဲ့သော်လည်း၊ ယုဒ၊ ဧဖရိမ်နှင့် မနာရှေလောက် မရရှိကြ ပါ။ နောက်ပိုင်းကာလများတွင် ဤလူမျိုးစုများသည် သူတို့၏နယ်မြေများကို ထိန်းသိမ်းရန်အခက်အခဲ များရှိခဲ့ကြသည်။ ကျမ်းရေးသူကိုယ်တိုင် ၁၉:၉ တွင် ရှိမောင်၏အမွေသည် "ယုဒအမျိုးသားခံသော အဖို့ထဲကနုတ်ရ၏" ဟူသောအချက်ဖြစ်သည်၊ နောက်ဆုံးတွင် ရှိမောင်သည် ယုဒပြည်တွင်ပေါင်းစည်း ခြင်းသို့ ဦးတည်သွားစေသည့်အချက်ဖြစ်သည်။ ထို့ပြင် ၁၉:၄၇ တွင် "ဒန်အမျိုးသားရသောမြေသည် ကျဉ်းမြောင်းသောကြောင့် လဲရှမြို့ကိုစစ်ချီ၍ တိုက်ယူလုပ်ကြသဖြင့် နေရာချကြ၏"—တရားသူကြီး ၁၈ တွင်ဖတ်ရသော ပုံပြင်တစ်ပုဒ်ကိုလည်း သူမှတ်သားခဲ့သည်။ ယင်းနှင့် အခြားမတည်ငြိမ်မှုများကြောင့် မျိုးနွယ်ငယ်များကို နှောင့်ယှက်ကြောင်း သိရှိသဖြင့်၊ ကျမ်းရေးသူသည် ဤခွဲဝေမှုများကို အသိအမှတ်ပြု ကြောင်းသေချာစေရန် ရေးသားခဲ့သည်။

## လေဝိ

စီဂျော်ဒန်ရှိ ယောရှုမှတ်စာ၏ခွဲဝေမှုများဆိုင်ရာ အခန်း ၂၀၊ ၂၁ တွင် လေဝိအမျိုး၏မှတ်တမ်း လည်း ပါဝင်သည်။ ယောရှုမှတ်စာရေးသားသူသည် လေဝိအမျိုး၏မှတ်တမ်းကို ၂၀:၁-၉ တွင် ခိုလှုံရာမြို့ များအမည်ဖြင့် စတင်ခဲ့သည်။ ထွက်မြောက်ရာ ၂၁:၁၂-၁၄ နှင့် တရားဟောရာ ၁၉:၁-၁၃ အရ၊ ဤမြို့များ သည် မရည်ရွယ်ဘဲ လူသတ်မှုကျူးလွန်သူများအား အပြစ်ရှိခြင်း သို့မဟုတ် အပြစ်မရှိကြောင်းကို ဣသရေလတရားရုံးများသည် ဆုံးဖြတ်နိုင်သည်အထိ အကာအကွယ်ပေးထားသည်။ ယင်းနောက် အခန်း ၂၁ တွင် ကျမ်းရေးသူသည် တောလည်ရာ ၃၅:၆-၃၄ ပါမောရှေ၏ညွှန်ကြားချက်များကိုလိုက်နာကာ လေဝိမြို့များကို ယေဘူယျအားဖြင့်ဖော်ပြထားသည်။

ခိုလှုံရာမြို့များနှင့် အခြားသော လေဝိမြို့များတို့သည် ဣသရေလပြည်ရှိ အခြားသောမျိုးနွယ် များ၏နယ်မြေတစ်လျှောက် ပြန့်ကျဲနေခဲ့သည်။ ယင်းကြောင့် လေဝိသားတို့သည် ဘုရားသခင့်အမှုတော် တွင် မျိုးနွယ်တိုင်းကို ဦးဆောင်နိုင်ခဲ့သည်။ ဝမ်းနည်းဖွယ်မှာ၊ ဤခွဲဝေမှုများကို ဒုက္ခရောက်သည့်အချိန် များတွင် အလွယ်တကူ မေ့သွားခဲ့သည်။ သို့ရာတွင်၊ လေဝိသားတို့၏အမှုတော်သည် လူမျိုး၏ ကောင်းကျိုးအတွက် အလွန်အရေးကြီးသောကြောင့်၊ သူ၏ပရိသတ်များအနေဖြင့် သူတို့ကို သတိရသင့် ကြောင်း ကျမ်းရေးသူရေးသားခဲ့သည်။

ဤလူမျိုးစုအမွေခွဲဝေမှု၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို စိတ်ထဲတွင်မှတ်သားထား ခြင်းဖြင့်၊ ဤအခန်းများ၏မူလအဓိပ္ပာယ်ကို အတိုချုပ်၍လေ့လာသင့်ပါသည်။

# မူလအဓိပ္ပါယ်

ဤအခန်းများတွင် ယောရှုမှတ်စာရေးသားသူဖော်ပြထားသည့် ပထဝီဝင်အသေးစိတ်အချက် အလက်များကို မျက်မှောက်ခေတ်ပရိသတ်များအတွက် တန်ဖိုးထားလေးမြတ်ရန် ခက်ခဲလေ့ရှိသည်။

သို့သော် သူ၏တောင်းဆိုမှုသည် ဣသရေလလူမျိုးတို့၏ မူလအမျိုးသားအမွေကိုလုံခြုံစေရန်အတွက် သာမဟုတ်ပါ။ မျိုးနွယ်တစ်ခုစီအတွက် ဘုရားသခင်သတ်မှတ်ထားသည့် သီးသန့်အဆင့်အတန်းနှင့် ကွဲပြားမှုများကို အသိအမှတ်ပြုရန်တောင်းဆိုခဲ့သည်၊ သို့မှသာ ဘုရားသခင်၏နိုင်ငံတော်ပြန့်ပွားရေးတွင် ရှေ့သို့ဆက်လှမ်းနိုင်မည်ဖြစ်သည်။

သူ၏ထုံးစံအတိုင်း၊ ကျမ်းရေးသူသည် ဣသရေလလူမျိုး၏ သီးသန့်လူမျိုးစုအမွေခွဲဝေမှု မှတ်တမ်းတွင် အကြောင်းအရာငါးခုကို ထည့်သွင်းဖော်ပြခဲ့သည်။

## ဘုရားသခင်၏အခွင့်အာဏာ

ပထမ၊ မျိုးနွယ်များအကြား နယ်မြေခွဲဝေခြင်းကိုညွှန်ကြားသည့် ဘုရားသခင်၏အခွင့်အာဏာကို အလေးပေးဖော်ပြသည်။ ထရန်ဂျော်ဒန်၌ သူ၏ခွဲဝေမှုမှတ်တမ်းတွင်၊ ကျမ်းရေးသူက ၎င်းတို့သည် ဘုရားသခင်ခန့်အပ်ထားသောခေါင်းဆောင် မောရှေပေးခဲ့သော နယ်မြေများဖြစ်ကြောင်း ၁၃:၈၊ ၁၅၊ ၂၄ နှင့် ၂၉ တွင် လေးကြိမ်တိုင်မှတ်ချက်ပြုခဲ့သည်။

ကျမ်းရေးသူသည် စီဂျော်ဒန်ရှိ လူမျိုးစုအမွေခွဲဝေမှုနောက်ကွယ်မှ ဘုရားသခင်၏အခွင့်အာဏာ ကိုလည်း ညွှန်ပြခဲ့သည်။ အဖွင့်အကျဉ်းချုပ် ၁၄:၁ တွင် "ယဇ်ပုရောဟိတ်ဧလာဇာ၊ နုန်၏သားယောရှု အစရှိသော ဣသရေလအမျိုးအနွယ်တို့၌ မင်းဖြစ်သောသူတို့သည်အမွေဝေဖန်၍ ဣသရေလအမျိုးသား တို့သည် အမွေခံရကြ၏" ဟု ရေးသားခဲ့သည်။ ၁၇:၄ တွင် ဖေရိမ်နှင့် မနာရှေမှတ်တမ်းတွင် တူညီသော အချက်ကို ဖော်ပြထားသည်။ ၎င်းကို မျိုးနွယ်ငယ်များအကြောင်း သူ၏ဆွေးနွေးချက် ၁၉:၅၁ တွင်၎င်း၊ လေဝိအမျိုးအပေါ် သူ၏ဆက်ဆံပုံ ၂၁:၁ တွင်၎င်း ထပ်မံတွေ့မြင်ရသည်။

ထို့အပြင်၊ ကျမ်းရေးသူသည် သူ၏ထုံးစံအတိုင်း ၂၀:၁ တွင် "တစ်ဖန်ထာဝရဘုရားသည် ယောရှု ကိုခေါ်တော်မူ၍…"ဟုဆိုကာ လေဝိအမျိုး၏အမွေကို မိတ်ဆက်ပေးခဲ့ပြီး၊ မူလပရိသတ်ရှိမည်သူမဆို အတွက် အကျိုးသက်ရောက်သည်မှာ ထင်ရှားပါသည်။ ဤလူမျိုးစုအမွေခွဲဝေမှုအပေါ် မကျေနပ်မှုသည် ဘုရားသခင်၏ညွှန်ကြားထားမှုအပေါ် မကျေနပ်မှုဖြစ်သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ ယောရှုမှတ်စာရေးသူသည် ဣသရေလလူမျိုး၏ သီးသန့်လူမျိုးစုအမွေခွဲဝေမှုကို ရှင်းပြသကဲ့သို့၊ ဤကွဲပြားမှုများသည် ဘုရားသခင်၏ပဋိညာဉ်အပေါ်အခြေခံကြောင်းကိုလည်း အလေးပေးဖော်ပြခဲ့သည်။ ကျမ်းရေးသူသည် ဟေဗြဲစကားလုံး nachalah (*נַחֲלָה*) ကိုအသုံးပြု၍ မျိုးနွယ်များထံ ခွဲဝေပေးထားသော နယ်မြေအပိုင်းများကို ၎င်းတို့၏ "အမွေ" အဖြစ်အကြိမ်ကြိမ် ရည်ညွှန်းခဲ့သည်၊ ကျွန်ုပ်တို့ အထက်၌ဖော်ပြသည့်အတိုင်း၊ ဤအသုံးအနှုန်းသည် အာဗြဟံ၊ မောရှေတို့ နှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်များနှင့် နီးကပ်စွာဆက်စပ်နေပါသည်။ ၁၃:၃၂ တွင်၊ ထရန်ဂျော်ဒန် သည် ဣသရေလလူမျိုး၏ "အမွေပြည်များ" ဟု သူခေါ်ခဲ့သည်။ အခန်းငယ် ၃၃ တွင်၊ လေဝိသားတို့၏ အထူးအပိုင်းကို သူတို့၏ "အမွေ" အဖြစ် သတ်မှတ်ခဲ့သည်။ စီဂျော်ဒန်၌ ခွဲဝေပေးမှုများ၏အဖွင့်အကျဉ်း ချုပ် ၁၄:၁၊ ၂ နှင့် ၃ တွင် "အမွေခံရကြ၏" ဟူသောဝေါဟာရကို အသုံးပြုခဲ့သည်။ ၁၄:၉၊ ၁၃၊ နှင့် ၁၅:၂၀



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွင် ယုဒပြည်ကိုလည်း "အမွေ" အဖြစ်ပြောခဲ့သည်။ ၁၆:၄ တွင် ဧဖရိမ်နှင့် မနာရှေတို့ကိုလည်း ခုနစ်ကြိမ်တိုင် အလားတူပြောခဲ့သည်။ မျိုးနွယ်ငယ်များ၏ခွဲဝေချထားမှုများကို "အမွေ" ဟု ဆယ့်ခုနစ်ကြိမ်ခေါ်ဆိုခဲ့သည်။ လေဝိအမျိုး၏နောက်ဆုံးမှတ်တမ်း ၂၁:၃ တွင်၊ မျိုးနွယ်တစ်ခုစီသည် ၎င်းတို့၏ "အမွေ" မှမြို့များနှင့် စားကျက်မြေများအား လေဝိသားတို့ထံပေးပုံကို ပြောခဲ့သည်။ နောက်ဆုံး ဤအပိုင်း၏နိဂုံးချုပ် ၂၁:၄၃ တွင်၊ ကျမ်းရေးသူသည် "ငါပေးမည်ဟု ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်ရှိသမျှကို ဣသရေလအမျိုးသားတို့အား ပေးတော်မူသဖြင့်" ဟုရေးသားခဲ့သည်။ ဤအကိုးအကားအားလုံးသည် ဤလူမျိုးစုအမွေခွဲဝေသတ်မှတ်မှုများသည် ဘုရားသခင်၏ပဋိညာဉ်တွင် အခြေခံနေကြောင်းထင်ရှားစွာဖော်ပြသည်။ တစ်စုံတစ်ဦးသည် ၎င်းတို့အားလျစ်လျူရှုပါက၊ ပဋိညာဉ်အရှင်သခင်အဖြစ်ကိုယ်တော်၏လူတို့အား ဘုရားသခင်ပြုသောကတိတော်ကို လျစ်လျူရှုခြင်းဖြစ်သည်။

## မောရှေပညတ်တရားစံနှုန်း

တတိယ၊ ဣသရေလလူမျိုး၏သီးသန့်လူမျိုးစုအမွေခွဲဝေမှုဆိုင်ရာ သူ၏ဖော်ပြမှုတွင်၊ ယောရှုမှတ်စာရေးသားသူသည် မောရှေ၏ပညတ်တရားစံနှုန်းအပေါ်နာခံခြင်းအကြောင်းလည်း အလေးပေးဖော်ပြခဲ့သည်။ စီရင်ဒန်အကြောင်းဖော်ပြရာတွင် ဤအလေးပေးမှုကို အထင်ရှားဆုံးမြင်တွေ့ရသည်။ သူ၏အဖွင့်အကျဉ်းချုပ် ၁၄:၂ တွင်၊ "ထာဝရဘုရားသည် မောရှေအားဖြင့် မှာထားတော်မူသည်အတိုင်း" ယောရှုသည်ပြုမူကြောင်း ဖော်ပြထားသည်။ ၁၄:၅ တွင် ဣသရေလလူတို့သည် "မောရှေအား ထာဝရဘုရား မှာထားတော်မူသည်အတိုင်း"ပြည်ကို ခွဲဝေကြသည်။ ၁၇:၄ တွင်၊ ဇလောဖဒ်၏သမီးများသည် "ထာဝရဘုရားသည် မောရှေအား မှာထားသောအရာ" ကိုအယူခံဝင်ခဲ့ကြသည်။ လေဝိအမျိုး၏ဇတ်လမ်းတွင် ဣသရေလလူမျိုးသည် "မောရှေအားဖြင့်" မိန့်တော်မူသောစကားကို လိုက်နာရမည်ဟု ၂၀:၂ တွင်ဖော်ပြထားသည်။ အပိတ်အကျဉ်းချုပ်အရ၊ ၂၁:၂၊ ၈ တွင်၊ "ထာဝရဘုရားသည် မောရှေအားဖြင့် မှာထားတော်မူသည်အတိုင်း"မြို့များကိုလေဝိအနွယ်၌ အပ်ပေးခဲ့သည်။

ဤအခန်းများတွင် ပြည်၏အစိတ်အပိုင်းများနှင့်ပတ်သက်၍ ဣသရေလလူမျိုးအစဉ်အဆက်တို့သည် မောရှေ၏ပညတ်တရားစံနှုန်းကို စောင့်ထိန်းရန် ကျမ်းရေးသူတောင်းဆိုခဲ့သည်။ ၎င်းတို့ကိုပြစ်မှားခြင်းသည် ကိုယ်တော်၏လူများအပေါ် ဘုရားသခင်၏ကျိန်ခြင်းကို ယူဆောင်လာခြင်းဖြစ်သည်။ ၎င်းတို့ကို စောင့်ထိန်းခြင်းသည် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကို ယူဆောင်လာခြင်းဖြစ်သည်။

## ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ ဤအခန်းများတွင် ဣသရေလလူမျိုး၏ သီးသန့်လူမျိုးစုအမွေခွဲဝေမှုကို ဘုရားသခင်၏သဘာဝလွန်တန်ခိုးဖြင့် အတည်ပြုထားကြောင်းလည်း အသိအမှတ်ပြုပါသည်။ ထရန်ဂျော်ဒန်ရှိ ခွဲဝေမှုမှတ်တမ်း ၁၃:၁၀၊ ၂၇ တွင် ဘုရင်ရှိဟုန်ကို အံ့ဖွယ်နည်းဖြင့်အနိုင်ယူမှုကို ဖော်ပြသည်။ ၁၃:၂၂ တွင် ဗာလမ်၏သတ်ဖြတ်ခံရမှုနှင့် ၁၃:၃၁ တွင် ဗာရှန်ပြည်ဩဃမြို့ကို သိမ်းပိုက်ခြင်းအား ဖတ်ရှုရသည်။ ဤဖြစ်ရပ်များအားလုံးသည် ထရန်ဂျော်ဒန်၌ ဘုရားသခင်၏သဘာဝလွန်လုပ်ဆောင်မှုကို အမှတ်ရစေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့အပြင်၊ စီရော်ဒန်၌ ကျမ်းရေးသူ၏ခွဲဝေမှုမှတ်တမ်းသည် ဘုရားသခင်၏ သဘာဝလွန်ပါဝင်ပတ်သက်မှုကို ညွှန်ပြရန်အတွက် စာရေးတံချခြင်းကို အကြိမ်ကြိမ်ရည်ညွှန်းပါသည်။ တောလည်ရာ ၃၆:၂ နှင့် သုတ္တံကျမ်း ၁၆း၃၃ ကျမ်းပိုဒ်များက ရှင်းပြထားသည့်အတိုင်း၊ စာရေးတံချခြင်းက ဘုရားသခင်သည် သူ၏အလိုတော်ကို ဣသရေလလူမျိုးအား သဘာဝလွန်ဖြင့် ထုတ်ဖော်ပြသသည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ စီရော်ဒန်၏အဖွင့်အကျဉ်းချုပ် ၁၄:၂ တွင် စာရေးတံချခြင်းကိုဖော်ပြထားသည်။ စာရေးတံချခြင်းကို မျိုးနွယ်ငယ်များအား ခွဲဝေပေးခြင်းတွင်ဆယ့်တစ်ကြိမ်ခန့် ဖော်ပြထားပါသည်။ ၂၁:၄၊ ၁၀ တွင်လည်း ဣသရေလလူမျိုးတို့သည် လေဝိအမျိုး၏အမွေကို စာရေးတံချကြသည်။

ဘုရားသခင်၏ သဘာဝလွန်ပါဝင်ပတ်သက်မှုအကြောင်း အကြိမ်ကြိမ်သတိပေးချက်များအတွက် ကျမ်းရေးသူ၏ရည်ရွယ်ချက်ကို ပိုင်းခြားရန် မခက်ခဲပါ။ မူလပရိသတ်များထဲရှိလူများသည် ဤလူမျိုးစုအမွေခွဲဝေမှုမှ သွေဖည်ရန် သွေးဆောင်ခြင်းခံရနိုင်ပေသည်။ သို့သော် ဘုရားသခင်ကိုယ်တော်တိုင် တည်ထောင်ထားသောကြောင့် ဤခွဲဝေမှုများကို ချိုးဖောက်ခြင်းမပြုရန် ကျမ်းရေးသူက အကြိမ်ကြိမ်ဖော်ပြခဲ့သည်။

> မည်သူသည် မည်သည့်နယ်မြေကိုရရှိကြောင်း ယောရှုမှတ်စာတွင် စာရေးတံချခဲ့ခြင်းသည် စိတ်ဝင်စားဖွယ်ကောင်း၏၊ ၎င်းသည် ဘုရားသခင်၏လက်ထဲတွင်ရှိကြောင်းကိုပြနေခြင်းဖြစ်သည်၊ မည်သူသည် မည်သည့်နယ်မြေကိုရရှိရန် ယောရှုသည် ရွေးချယ်မည်ဆိုပါက ညီမျှမှုမရှိဟု ထင်ပါသည်။ ဘုရားသခင်သည် ဤသူတို့အား ပေးတော်မူခြင်းဖြစ်သည်။ ထို့အပြင်၊ ဤစာရေးတံချခြင်းသည် ဘုရားသခင်နှင့် သူ၏လူများအတွက် အရေးပါသောအရာဖြစ်ပြီး၊ ဘုရားသခင်သည် ကိုယ်တော်၏လူတို့အား တရားမျှတစွာ ပေးကမ်းခြင်းဟူသော ရည်ရွယ်ချက်ကို ညွှန်ပြနေပါသည်။ ထို့ပြင် ဤလူများ၏ပိုင်ဆိုင်မှုအခွင့်အရေးများကို ဘုရားသခင်စောင့်ထိန်းပေးမည့်အကြောင်း၊ အမွေဆက်ခံမှုသည် သူတို့အတွက် အလွန်အရေးကြီးသည်ကို နားလည်ထားရန်လိုသည်ဟု ထင်ပါသည်။ ထို့ပြင် စိတ်ဝင်စားဖွယ်မှာ… ဤနယ်မြေကို မည်သူမှထာဝရမဆုံးရှုံးနိုင်ပါ၊ နယ်မြေကို ရောင်းလိုက်လျှင်ပင် ပြန်ရလိမ့်မည့်အချိန်ရှိနေသည်။ ထို့ကြောင့်၊ ဤအရာအားလုံးသည် ဘုရားသခင်ထံမှ ၎င်းတို့၏အမွေများဖြစ်သည်၊ ဘုရားသခင်ပေးထားသည့် ၎င်းတို့၏ရပိုင်ခွင့်ဖြစ်သည်၊ ဘုရားသခင်သည် ဤနယ်နိမိတ်များကို စောင့်ထိန်းနေပြီး၊ “ဤမြေသည် သင်တို့၏မြေမဟုတ်” ဟုမည်သည့်ဘုရင်မှ မပြောနိုင်ပါ။ ဘုရင်များသည် ပညတ်တရားအရမဟုတ်ဘဲ ကြိုးစားခဲ့ကြသော်လည်း မလုပ်ဆောင်နိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သူတို့အတွက် ကိုယ်တော်၏လူများအဖြစ် ဘုရားသခင်ပေးထားသည့် အမွေလက်ဆောင်ဖြစ်သည်။

Dr T. J. Betts

## ဣသရေလလူမျိုးအားလုံး

ပဥ္စမ၊ ကျမ်း၏အစောပိုင်းအခန်းများကဲ့သို့ပင်၊ ဣသရေလလူမျိုး၏ သီးသန့်လူမျိုးစုအမွေခွဲဝေမှုဆိုင်ရာ ဤအခန်းများသည် ဣသရေလလူမျိုးအားလုံး၏ပါဝင်မှုကို အလေးပေးပါသည်။ ဤအလေးပေးမှုကို ယော်ဒန်မြစ်အရှေ့ဘက်ရှိ လူမျိုးစုတစ်ခုစီအတွက် နယ်မြေများသတ်မှတ်ပုံ ထရန်ဂျော်ဒန်၌ ခွဲဝေမှုမှတ်တမ်းတွင် ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ စီဂျော်ဒန်၌ ခွဲဝေမှုမှတ်တမ်းသည်လည်းအလားတူပင်ဖြစ်သည်။ ယုဒ၊ ဧဖရိမ်နှင့် မနာရှေအမျိုးတို့အားပေးသည့်မှတ်တမ်းသာမက၊ မျိုးနွယ်ငယ်များကို ပေးသည့်မှတ်တမ်းကိုလည်း ဖော်ပြထားသည်။ ထို့အပြင်၊ လေဝိအမျိုးကိုပေးသော မြို့တို့ကိုပင် ဖေါ်ပြထားသည်။

ဣသရေလလူမျိုးအားလုံးအပေါ် ကျမ်းရေးသူ၏ အသေးစိတ်အာရုံစိုက်မှုသည် ကတိတော်ပြည်တွင်ဣသရေလလူမျိုးအားလုံးနေထိုင်ရမည်ဟု သူ၏ခိုင်မာသောယုံကြည်ချက်ကို အားဖြည့်ပေးပါသည်။ ကျမ်းကိုရေးသားနေချိန်တွင် အချို့သောမျိုးနွယ်များသည် အခြားမျိုးနွယ်များ၏သိမ်းသွင်းခြင်းကို ခံခဲ့ရသည်။ အခြားမျိုးနွယ်များသည် ရန်သူများထံ နယ်မြေများဆုံးရှုံးခဲ့ရသည်။ အာရှုရိလူတို့သည် မြောက်ပိုင်းဣသရေလပြည်ကိုဖျက်ဆီးပြီး ယုဒပြည်ကို ဗာဗုလုန်လူမျိုးတို့သိမ်းပိုက်သောအခါ၊ ဘုရားသခင်၏လူမျိုးအများစုသည် ၎င်းတို့၏လူမျိုးစုအမွေဆက်ခံရာနေရာတွင် နေကြဆဲဖြစ်သည်။ သို့သော် ကျမ်းရေးသူသည် ဣသရေလလူမျိုးတိုင်း ကြိုးပမ်းဆောင်ရွက်ရမည့် စံနမူနာတစ်ခုကို အခိုင်အမာတောင်းဆိုခဲ့သည်။ ဣသရေလလူမျိုးအားလုံးသည် ကတိတော်ပြည်၏မှန်ကန်သော အစိတ်အပိုင်းကို ပိုင်ဆိုင်ရမည်ဖြစ်သည်။

ဣသရေလလူမျိုး၏ကနဦးအမွေနယ်နိမိတ်များနှင့် သီးသန့်မျိုးနွယ်များအတွက် သီးသန့်ခွဲဝေပေးမှုများကို လေ့လာခြင်းအားဖြင့် ယောရှုမှတ်စာသည် လူမျိုးစုအမွေဆက်ခံခြင်းများနှင့်ပတ်သက်၍ မည်သို့ဖော်ပြသည်ကို ကျွန်ုပ်တို့သုံးသပ်ခဲ့ပါသည်။ ယခု သင်ခန်းစာ၏တတိယအဓိကအဆင့်ဖြစ်သည့်– ဣသရေလလူမျိုး၏အမျိုးသားစည်းလုံးညီညွတ်မှုကို ကြည့်ကြပါစို့။

# အမျိုးသားရေးစည်းလုံးညီညွတ်မှု

ရာစုနှစ်များတစ်လျှောက် ဣသရေလအမျိုးအနွယ်တို့သည် ကွဲပြားပြီး အချင်းချင်းအကြိမ်ကြိမ်ရန်ဘက်ပြုခဲ့ကြသည်။ မျိုးနွယ်များသည် လူမျိုးတစ်မျိုးတည်းအဖြစ်မရပ်တည်ပါက ဣသရေလသည် ဘုရားသခင့်နိုင်ငံတော်ကို တိုးချဲ့ရာတွင် ရှေ့မတိုးနိုင်သည်ကို ကျမ်းရေးသူသိသည်။ ဤပြဿနာကို ဖြေရှင်းရန်၊ ကျမ်းရေးသူသည် ယောရှုခေတ်တွင် ဣသရေလလူမျိုး၏အမျိုးသားစည်းလုံးညီညွတ်မှုကို ပြင်းထန်စွာခြိမ်းခြောက်သတိပေးသည့်ကာလတစ်ခုဖြင့် ကျမ်း၏ဤအပိုင်းကို အဆုံးသတ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အကြိမ်ပေါင်းများစွာ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ယောရှုမှတ်စာသည် ထရန်ဂျော်ဒန်နှင့် စီဂျော်ဒန်ရှိ ဣသရေလလူမျိုးအနွယ်များကြား သဘာဝအရအဓိကကွဲပြားမှုကို အကြိမ်ကြိမ်အာရုံစိုက်ပါသည်။ ယော်ဒန်မြစ်တစ်ဖက်တစ်ချက်ရှိ မျိုးနွယ်များကြား စစ်ပွဲဖြစ်လုနီးဖြစ်သောကြောင့် ဤပထဝီဝင်ပိုင်းကွဲပြားမှုသည် ယောရှုခေတ်တွင်ပြဿနာရှိခဲ့သည်။ ထို့ကြောင့်၊ ကျမ်းရေးသူသည် ဣသရေလလူမျိုး၏အမွေဆက်ခံမှုဆိုင်ရာဒုတိယအပိုင်းကို အဆုံးသတ်သောအခါ၊ ထရန်ဂျော်ဒန်နှင့် စီဂျော်ဒန်တို့တွင် မျိုးနွယ်များကိုစည်းလုံးညီညွတ်စွာနေထိုင်ရန် ယောရှု၏ဦးဆောင်ခဲ့ပုံကို ပြန်အမှတ်ရစေခဲ့သည်။ ဤအဖြစ်အပျက်များသည် သူ၏မူလပရိသတ်များအနေဖြင့် ၎င်းတို့၏ကာလတွင် တူညီသောတင်းမာမှုများကို မည်သို့ဖြေရှင်းသင့်ကြောင်း သရုပ်ဖော်ထားသည်။

ကျွန်ုပ်တို့၏တူညီသောပုံစံအတိုင်း၊ ဤကဏ္ဍ၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ဦးစွာကြည့်ရှုပြီး၊ ၎င်း၏မူလအဓိပ္ပာယ်ကို စူးစမ်းလေ့လာပြီးနောက်၊ ဣသရေလလူမျိုး၏ အမျိုးသားစည်းလုံးညီညွတ်မှုကို လေ့လာပါမည်။ ဤအခန်း၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ဦးစွာသုံးသပ်ပါ။

# ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

အခန်း ၂၂ ပါ ဣသရေလလူမျိုး၏ အမျိုးသားစည်းလုံးညီညွတ်မှုမှတ်တမ်းသည် အဓိကအဆင့်ငါးဆင့်ဖြင့်ဖော်ပြသည့် အလွန်ရိုးရှင်းသောဇာတ်လမ်းဖြစ်သည်။ အခန်းငယ် ၁-၁၀ တွင် ထရန်ဂျော်ဒန်မျိုးနွယ်များ၏ ယဇ်ပလ္လင်တည်ဆောက်ခြင်းဆိုင်ရာ ကြီးမားသောပြဿနာနှင့် စတင်သည်။

## ယဇ်ပလ္လင်တည်ဆောက်ခြင်း

စီဂျော်ဒန်တွင် ဣသရေလလူမျိုးတို့ အောင်မြင်မှုရရှိပြီးနောက် ယောရှုသည် ရုဗင်၊ ဂဒ်နှင့် မနာရှေအနွယ်တစ်ဝက်တို့ကို ယော်ဒန်မြစ်အရှေ့ဘက် ၎င်းတို့၏အမွေဆက်ခံရာနယ်မြေသို့ ပြန်စေခဲ့သည်။ ဘုရားသခင်အပေါ်သစ္စာရှိရန် သူတို့ကိုသတိပေးခဲ့သည်။ သူတို့ ခရီးသွားစဉ်၊ ထရန်ဂျော်ဒန်မျိုးနွယ်များသည် ယော်ဒန်မြစ်အနီးတွင် ကြီးမားသောယဇ်ပလ္လင်တစ်ခုကို တည်ဆောက်ခဲ့ကြသည်။ စီဂျော်ဒန်အနွယ်တို့သည် ထိုအကြောင်းကိုကြားသောအခါ၊ ယဇ်ပလ္လင်ကို မောရှေ၏တဲတော်၌ ထာဝရဘုရား၏ယဇ်ပလ္လင်ကိုအစားထိုးရန် တည်ထားသည်ဟု ယူဆခဲ့ကြသည်။

## စစ်ပွဲ၏ခြိမ်းခြောက်မှု

စစ်ပွဲ၏ခြိမ်းခြောက်မှုမြင့်တက်လာသည်နှင့်အမျှ အခန်းငယ် ၁၁-၁၄ တွင် ဇာတ်လမ်း၏တင်းမာမှုတိုးလာခဲ့သည်။ ထရန်ဂျော်ဒန်မျိုးနွယ်များ တည်ထားသောယဇ်ပလ္လင်သည် ဣသရေလလူမျိုးအားလုံးအပေါ် ဘုရားသခင်၏အမျက်ဒေါသကို ယူဆောင်လာမည်ကိုစိုးရိမ်သောကြောင့် စီဂျော်ဒန်မျိုးနွယ်များသည် တိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်။ သို့ရာတွင်၊ စစ်ကိုရှောင်ရန်ကြိုးပမ်းသည့်အနေဖြင့် ထရန်ဂျော်ဒန်အနွယ်တို့ကိုတွေ့ဆုံရန် ဧလာဇာ၏သားဖိနဟတ်နှင့် အကြီးအကဲဆယ်ဦးကို စေလွှတ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ထိပ်တိုက်ရင်ဆိုင်ခြင်း

ဇာတ်လမ်း၏ရှည်လျားသောအချိုးအကွေ့ အခန်းငယ် ၁၅-၃၁ တွင် ဤကိုယ်စားလှယ်အဖွဲ့နှင့် ထရန်ဂျော်ဒန်မျိုးနွယ်များကြား ထိပ်တိုက်တွေ့မှုကို ဖော်ပြသည်။ အသစ်တည်ဆောက်ထားသော ယဇ်ပလ္လင်သည် တဲတော်၌သာယဇ်ပူဇော်ရန်ဟူသည့် ဘုရားသခင်၏အမိန့်တော်ကို ချိုးဖောက်ခဲ့ကြောင်း ကိုယ်စားလှယ်အဖွဲ့မှ သတိပေးခဲ့သည်။ သို့သော် ထရန်ဂျော်ဒန်မှခေါင်းဆောင်များသည် ၎င်းတို့၏ယဇ်ပလ္လင်ကို ယဇ်ပူဇော်ရန်အတွက်မတည်ဆောက်ခဲ့ကြောင်း စိတ်အားထက်သန်စွာ ရှင်းပြခဲ့သည်။ ယင်းအစား အခြားမျိုးနွယ်များက သူတို့အား လူမျိုးထဲမှငြင်းပယ်မည်ကို စိုးရိမ်သောကြောင့်၊ ၎င်းသည် အခြားမျိုးနွယ်များနှင့် စည်းလုံးညီညွတ်မှု၏သင်္ကေတတစ်ခုဖြစ်သည်။ ထရန်ဂျော်ဒန်မျိုးနွယ်များသည် သခင်ဘုရားအပေါ် သစ္စာမဲ့ခြင်းမရှိသောကြောင့် ကိုယ်စားလှယ်အဖွဲ့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။

## ငြိမ်းချမ်းမှုရယူခြင်း

ဇာတ်လမ်း၏အဆုံးသတ်လုပ်ဆောင်ချက်သည် စစ်ပွဲ၏ငြိမ်းချမ်းမှုချုပ်ငြိမ်းခြင်းနှင့်အတူ အခန်းငယ် ၃၂၊ ၃၃ တွင် ဖော်ပြထားသည်။ ကိုယ်စားလှယ်အဖွဲ့သည် သူတို့မြင်တွေ့ခဲ့သည့်အရာများကို သတင်းပို့ပြီး၊ စီဂျော်ဒန်ရှိမျိုးနွယ်များသည် ဘုရားသခင်ကိုချီးမွမ်းကြကာ စစ်ပွဲအကြောင်းပြောဆိုခြင်းကိုချက်ချင်းရပ်ခဲ့သည်။

## ယဇ်ပလ္လင်ကိုအမည်ပေးခြင်း

ထို့နောက် ဇာတ်လမ်း၏ပြင်းထန်သောတင်းမာမှု၏နောက်ဆုံးအဆုံးအဖြတ်ကို ယဇ်ပလ္လင် အမည်ဖြင့် အခန်းငယ် ၃၄ တွင်တွေ့ရသည်။ ထရန်ဂျော်ဒန်မျိုးနွယ်များသည် ယော်ဒန်မြစ်တွင် ၎င်းတို့၏ ယဇ်ပလ္လင်ကို "သက်သေခံ" ဟု အမည်ပေးခြင်းဖြင့် ၎င်းတို့၏ရည်ရွယ်ချက်များကို သရုပ်ပြခဲ့ကြသည်။ သူတို့ရှင်းပြသည့်အတိုင်း "ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို ဤယဇ်ပလ္လင်သည် ငါတို့စပ်ကြားမှာ သက်သေခံပါစေသော။" ထိုသို့လုပ်ဆောင်ခြင်းဖြင့် ထရန်ဂျော်ဒန်မျိုးနွယ်များသည် ၎င်းတို့၏ ဂုဏ်သိက္ခာရှိသောသဘောထားများ၊ တဲတော်၌သာယဇ်ပူဇော်ရန် ရည်ရွယ်ချက်နှင့် ဣသရေလလူမျိုး၏ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ၎င်းတို့၏ကတိကဝတ်များကို အတည်ပြုခဲ့သည်။

ဣသရေလလူမျိုး၏ အမျိုးသားစည်းလုံးညီညွတ်မှုအကြောင်း ဤဇာတ်လမ်း၏ အခြေခံဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို စိတ်တွင်မှတ်သားထားခြင်းဖြင့်၊ ၎င်း၏မူလအဓိပ္ပာယ်အပေါ် ကျွန်ုပ်တို့မှတ်ချက်အနည်းငယ်ပေးသင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မူလအဓိပ္ပါယ်

ကျမ်းရေးသူသည် ကျမ်း၏ဤအပိုင်းကို အခန်း ၂၂ ၏ဇာတ်လမ်းဖြင့် အဘယ်ကြောင့်အဆုံးသတ်ခဲ့သည်ကို သိရန်မခဲယဉ်းပါ။ ဤဇာတ်လမ်းတွင် မျိုးနွယ်များသည် ပဋိပက္ခဖြစ်နိုင်သည့်ကြီးမားသော အခြေအနေကို ရင်ဆိုင်ရသည့်အခါတွင်ပင် ၎င်းတို့၏စည်းလုံးညီညွတ်မှုကို မည်သို့ထိန်းသိမ်းနိုင်ခဲ့ကြောင်းရှင်းပြထားသည်။ စီရော်ဒန်မျိုးနွယ်များသည် ထရန်ဂျော်ဒန်မျိုးနွယ်များအား ဘုရားသခင်ကို တော်လှန်ပုန်ကန်သည်ဟု ထင်မြင်ယူဆထားသည့်အတွက် အပြစ်ပေးရန်အတွက် ပြင်ဆင်ခဲ့ကြသည်။ သို့သော် သူတို့သည် အခြေအနေကို ပညာရှိစွာစူးစမ်းလေ့လာပြီး၊ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းတွင်၎င်းတို့၏အမျိုးသားစည်းလုံးညီညွတ်မှုအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ ဤအဖြစ်အပျက်များသည် ဣသရေလအမျိုးအနွယ်များကြားတွင် တူညီသောပဋိပက္ခများဖြစ်ပေါ်လာပါက မူလပရိသတ်များအနေဖြင့် လိုက်လျှောက်ရန်လမ်းစကို ပုံဖော်ထားသည်။

ကျမ်းရေးသူသည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့်ပတ်သက်၍ အနာဂတ်မျိုးဆက်သစ်များကို လမ်းညွှန်နိုင်ရန် သူ၏ကျမ်းတွင် ကျွန်ုပ်တို့အကြိမ်များစွာတွေ့ရသည့် တူညီသောအကြောင်းအရာငါးခုကို မှတ်သားခြင်းဖြင့် သူ၏ဇာတ်လမ်းကို ရေးသားထားသည်ကို တွေ့မြင်နိုင်ပါသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ပထမ၊ ယဇ်ပလ္လင်တစ်ခုတည်ဆောက်ခြင်းတွင် ဘုရားသခင်၏အခွင့်အာဏာကို တွေ့ရသည်။ ၂၂:၁ တွင်၊ ထရန်ဂျော်ဒန်အနွယ်များအား ၎င်းတို့ကိုပေးထားသောနယ်မြေများသို့ပြန်ရန် ပြောခဲ့သောသူသည် ဘုရားသခင်ခန့်အပ်ထားသည့်ခေါင်းဆောင် ယောရှုဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ထို့ထက်မက၊ အခန်းငယ် ၁၃ တွင် စစ်ပွဲ၏ခြိမ်းခြောက်မှုတိုးလာသောအခါ၊ ယဇ်ပုရောဟိတ်လောဇာ၏သား ဖိနဟတ်သည် စီဂျော်ဒန်မှကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့ကြောင်း တွေ့မြင်ရသည်။

ကျမ်းရေးသူသည် ဤဇာတ်လမ်းနှင့်ပတ်သက်၍ သူ၏ပရိသတ်၏ရှုမြင်ချက်များကိုပုံဖော်ရန် ယောရှုနှင့်ဖိနဟတ်တို့ကို အာရုံစိုက်ခဲ့သည်။ သူတို့အနေဖြင့် ဤအဖြစ်အပျက်များကို သက်ဆိုင်မှုမရှိသော အတိတ်မှတ်တမ်းအဖြစ် မမှတ်ယူသင့်ပါ။ ယင်းအစား၊ ဘုရားသခင်-ခန့်အပ်ထားသည့် အာဏာစက်များ၏ပါဝင်မှုသည် သူတို့၏ကာလတွင် အမျိုးသားစည်းလုံးညီညွတ်မှုကိုစောင့်ထိန်းခြင်းငှာ ဤဖြစ်ရပ်များကို သင့်လျော်စွာကျင့်သုံးရန် တောင်းဆိုခဲ့သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ အခန်းကြီး ၂၂ ပါ အမျိုးသားစည်းလုံးညီညွတ်မှုဇာတ်လမ်းသည် ဘုရားသခင်၏ပဋိညာဉ်အပေါ် သက်ရောက်မှုရှိသည်။ ဤအခင်းအကျင်းသည် အထူးသဖြင့် စီဂျော်ဒန်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ထရန်ဂျော်ဒန်မျိုးနွယ်များကြား ထိပ်တိုက်ရင်ဆိုင်မှုတွင် သိသာထင်ရှားခဲ့သည်။ အခန်းငယ် ၂၅၊ ၂၇ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း၊ ထရန်ဂျော်ဒန်မျိုးနွယ်များသည် အခြားမျိုးနွယ်များအား “သင်တို့သည် ထာဝရဘုရားနှင့် အလျှင်းမဆိုင်ကြ” ဟုမပြောလိုကြပါ။ “မဆိုင်” ဟူသောစကားလုံးသည်

ဟေဗြဲအသုံးအနှုန်း cheleq (חֵלֶק) ကို ဘာသာပြန်ဆိုထားသည်။ ယောရှုမှတ်စာ ၁၈:၇ နှင့် ၁၉:၉ တွင် ကျမ်းရေးသူသည် cheleq (חֵלֶק) ကို “အမွေ” သို့မဟုတ် nachalah (Nחֲלָה) နှင့် နီးကပ်စွာချိတ်ဆက်ထားသည်။ ဤစာစဉ်တွင် အကြိမ်ပေါင်းများစွာ ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့်အတိုင်း၊ “အမွေ” ဟူသော အသုံးအနှုန်းသည် အာဗြဟံ၊ မောရှေနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်များနှင့် ဆက်စပ်နေသည်။ ထရန်ဂျော်ဒန်မျိုးနွယ်များသည် ယော်ဒန်မြစ်အနောက်ဘက်ရှိ မျိုးနွယ်များအနေဖြင့် မိမိတို့ကို ဘိုးဘေးများအားပေးထားသည့် ပဋိညာဉ်ကတိတော်များအား အပြည့်အဝအမွေခံသူများအဖြစ် ပြုမူဆက်ဆံရန် လိုလားကြသည်။

ယောရှုမှတ်စာရေးသူသည် အမျိုးသားစည်းလုံးညီညွတ်မှုအပေါ် ၎င်း၏မူလပရိသတ်များ စိတ်ဝင်စားစေရန် ဤကိစ္စရပ်များကို အာရုံစိုက်ခဲ့သည်။ ဣသရေလအနွယ်အားလုံး—အရှေ့၊ အနောက်၊ တောင်၊ မြောက်—သည် ဣသရေလတို့နှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်တွင် အခြေခံသည့် ကတိတော်ပြည်၌ဝေစုရှိသည် ဟူသောအချက်ကို သူ၏မူလပရိသတ်များ မည်သည့်အခါမျှမျက်ကွယ်မပြုရန် အခိုင်အမာဆိုခဲ့သည်။

## မောရှေပညတ်တရားစံနှုန်း

တတိယ၊ ကျမ်းရေးသူ၏ ဣသရေလလူမျိုး၏အမျိုးသားစည်းလုံးညီညွတ်မှုမှတ်တမ်းသည် မောရှေ၏ပညတ်တရားစံနှုန်းကိုလည်း မီးမောင်းထိုးပြသည်။ ဇာတ်လမ်း၏အဖွင့်တွင်၊ ယောရှုသည် ထရန်ဂျော်ဒန်အနွယ်များကို ၂၂:၅ ၌ “သို့ရာတွင် ထာဝရဘုရား၏ကျွန် မောရှေမှာထားသော ပညတ်တရားအတိုင်းကျင့်၍၊ … ပညတ်တော်တို့ကို စောင့်ရှောက်ခြင်း၊ ကိုယ်တော်၌ဆည်းကပ်ခြင်း၊ အမှုတော်ကို ဆောင်ရွက်ခြင်းငှာကြိုးစား၍ သတိပြုကြလော့"ဟု သတိပေးခဲ့သည်။ မျိုးနွယ်များကြား ထိပ်တိုက်ရင်ဆိုင်မှုတွင်၊ စီဂျော်ဒန်မှ ကိုယ်စားလှယ်အဖွဲ့သည် အခန်းငယ် ၁၉ တွင် “အခြားသောယဇ်ပလ္လင်ကို ကိုယ်အဖို့တည်၍ ထာဝရဘုရားကိုမပုန်ကန်ကြနှင့်၊ ငါတို့ကိုလည်း မပုန်ကန်ကြနှင့်” ဟု သတိပေးခဲ့သည်။ ထိုသို့ပြုခြင်းသည် မောရှေ၏ပညတ်တရားကို ချိုးဖောက်ခြင်းဖြစ်သည်။ အခန်းငယ် ၂၉ တွင်၊ ထရန်ဂျော်ဒန်အနွယ်များသည် “ထာဝရဘုရားကိုပုန်ကန်၍ နောက်တော်သို့မလိုက်၊ လွှဲသွားခြင်းအမှုသည်ငါတို့နှင့်ဝေးပါစေသော” ဟုကြွေးကြော်ခြင်းဖြင့် မောရှေ၏ပညတ်တရားစံနှုန်းကို အတည်ပြုခဲ့ကြသည်။

မောရှေ၏တရားတော်အပေါ် ကျမ်းရေးသူ၏အာရုံစိုက်ခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှုကိုရယူရန် အရေးကြီးသောအရည်အချင်းတစ်ရပ်ကို ဖြစ်ပေါ်စေသည်။ လူမျိုး၏စည်းလုံးညီညွတ်မှုကို ရှာရန် သူ၏ပရိသတ်အတွက် အရေးကြီးသကဲ့သို့၊ သူတို့အနေဖြင့် မောရှေ၏ပညတ်တရားစည်းမျဉ်းများနှင့်အညီသာ လုပ်ဆောင်ရမည်ဖြစ်သည်။

## ဘုရားသခင်၏သဘာဝလွှန်တန်ခိုးတော်

စတုတ္ထ၊ အမျိုးသားစည်းလုံးညီညွတ်မှုဇာတ်လမ်းသည် ဘုရားသခင်၏ သဘာဝလွှန်တန်ခိုးကို အာရုံစိုက်စေသည်။ ဤအခင်းအကျင်းသည် အထူးသဖြင့် စီဂျော်ဒန်မှ ကိုယ်စားလှယ်အဖွဲ့နှင့်

ထရန်ဂျော်ဒန်မျိုးနွယ်များကြား ထိပ်တိုက်ရင်ဆိုင်မှုတွင် တွေ့ရသည်။ အပိုဒ်ငယ် ၁၇ တွင်၊ ဣသရေလလူတို့ ပေဂုရတွင်အပြစ်ပြုသောအခါ ကိုယ်စားလှယ်အဖွဲ့သည် "ထာဝရဘုရား၏ပရိသတ်တော်၌ ဘေးကြီးရောက်သော်လည်း" ဟူ၍ထရန်ဂျော်ဒန်အနွယ်များအား ဘုရားသခင်၏တန်ခိုးတော်ကို သတိပေးခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ထရန်ဂျော်ဒန်မျိုးနွယ်၏ရှင်းပြချက်ကို ဖိနဟတ်သည်ကြားသောအခါ၊ အပိုဒ်ငယ် ၃၁ တွင် ဘုရားသခင်၏ သဘာဝလွန်ကောင်းချီးမင်္ဂလာကို "ထာဝရဘုရားသည် ငါတို့၌ရှိတော်မူကြောင်းကို ယနေ့ငါတို့သိမြင်ကြ၏"ဟု သူအသိအမှတ်ပြုခဲ့သည်၊

ဘုရားသခင်၏ သဘာဝလွန်ကျိန်ခြင်းများနှင့် ကောင်းချီးမင်္ဂလာများအကြောင်း ဤကိုးကားချက်များက မူလပရိသတ်အားငင်းတို့၏ခေတ်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးတောင်းဆိုမှုသည် လူသားရေးရာမျှသာမဟုတ်ကြောင်း အသိပေးသည်။ ယောရှုလက်ထက်ကဲ့သို့ပင်၊ သူတို့သည် အမျိုးသားစည်းလုံးညီညွတ်မှုပန်းတိုင်ကို လိုက်လျှောက်ခြင်း သို့မဟုတ် မလိုက်လျှောက်နိုင်ခြင်းကြောင့် ဘုရားသခင်၏ကျိန်ခြင်းများနှင့် ကောင်းချီးမင်္ဂလာများကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

## ဣသရေလလူမျိုးအားလုံး

ပဥ္စမ၊ အမျိုးသားစည်းလုံးညီညွတ်မှုဆိုင်ရာ ဤဇာတ်လမ်းသည် ဣသရေလလူမျိုးအားလုံး၏ အကြောင်းအရာကို မီးမောင်းထိုးပြထားသည်ကိုတွေ့ရှိရခြင်းမှာ အံ့အားသင့်စရာမဟုတ်ပါ။ ဇာတ်လမ်း၏ပထမအဆင့် အခန်းငယ် ၃၊ ၇ နှင့် ၈ တွင် ယော်ဒန်မြစ်နှစ်ဘက်စလုံးရှိ ဣသရေလလူမျိုးများကို "ညီအစ်ကိုများ" အဖြစ်ယောရှုရည်ညွှန်းရာတွင် ယင်းသဘောထားကိုတွေ့ရသည်။ ထိပ်တိုက်ရင်ဆိုင်မှုများအပိုဒ်ငယ် ၁၇၊ ၂၀ တွင်၊ ဣသရေလလူအချို့၏အပြစ်သည် ဣသရေလလူမျိုးတစ်ခုလုံးအပေါ် ဘုရားသခင်၏အမျက်တော် သက်ရောက်စေနိုင်ကြောင်း ကိုယ်စားလှယ်အဖွဲ့ဝန်ခံခဲ့သည်။ အခန်းငယ် ၃၄ တွင်၊ "ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူကြောင်းကို ဤယဇ်ပလ္လင်သည်ငါတို့စပ်ကြားမှာ သက်သေခံပါစေသော" ဟု ဣသရေလ၏စည်းလုံးညီညွတ်သောယုံကြည်ခြင်းကို ကြေငြာခြင်းဖြင့် ဇတ်လမ်းကိုအဆုံးသတ်ခဲ့သည်။

ဣသရေလအမျိုးအနွယ်များ၏ စည်းလုံးညီညွတ်မှုအပေါ် လေးနက်သည့်ကတိကဝတ်များကြောင့်ယောရှုခေတ်တင်းမာမှုများပြေလည်သွားကြောင်း ယောရှုမှတ်စာရေးသားသူသည် ဖော်ပြခဲ့သည်။ ထို့ပြင် သူ၏မူလပရိသတ်များအနေဖြင့် သူတို့၏ခေတ်တွင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု၌ တူညီသောကတိကဝတ်ပြုရန် ရေးသားခဲ့သည်။

ကျွန်ုပ်တို့၏သင်ခန်းစာတွင် ဣသရေလလူမျိုးတို့၏ လူမျိုးစုအမွေဆက်ခံခြင်းများနှင့်ပတ်သက်၍ ကျမ်းရေးသူ၏မှတ်တမ်းသည် ပြည်၏ကနဦးနယ်နိမိတ်များ၊ ဣသရေလအမျိုးအနွယ်များအတွက် သီးသန့်အမွေခွဲဝေမှုနှင့် မျိုးနွယ်များအကြား အမျိုးသားစည်းလုံးညီညွတ်မှုတည်ဆောက်ပုံတို့ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်။ ယခု ကျမ်း၏ဤအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းအကြောင်း သင်ခန်းစာ၏နောက်ဆုံးထည့်သွင်းစဉ်းစားရမည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

ယောရှုမှတ်စာတွင် ဤအပိုင်း၏အသေးစိတ်အချက်များသည် မူလပရိသတ်အတွက် အလွန်လက်တွေ့ကျသောလမ်းညွှန်မှုပေးရန် ပုံစံပြုထားသည်။ ကျမ်းရေးသူသည် ၎င်းတို့၏ဘိုးဘေးများရရှိခဲ့သည့် ကနဦးအမွေများကို လုံခြုံစေရန်အတွက် ၎င်း၏ပရိသတ်အတွက် မည်မျှအရေးကြီးကြောင်းပြောဆိုခဲ့သည်။ မျိုးနွယ်တစ်ခုစီအတွက် ဘုရားသခင်ပေးထားသည့် သီးသန့်ခွဲဝေမှုများကို မည်ကဲ့သို့တန်ဖိုးထားသင့်ကြောင်း သူရှင်းပြသည်။ ယောရှုလက်ထက်တွင် ဣသရေလအမျိုးသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားပုံကို အတုယူရန် သူတို့ကိုတောင်းဆိုခဲ့သည်။ သို့သော် ဣသရေလလူမျိုး၏လူမျိုးစုအမွေဆက်ခံခြင်းများနှင့်ပတ်သက်၍ ဤသင်ခန်းစာများကို ကျွန်ုပ်တို့ လက်တွေ့မည်သို့ကျင့်သုံးနိုင်မည်နည်း။ ရိုးရှင်းစွာပြောရလျှင်၊ ယောရှုခေတ်တွင် ဖြစ်ပျက်ခဲ့သည့်အရာသည် ခရစ်တော်၌ကိုယ်တော်၏လူများအတွက် ဘုရားသခင့်အမွေတော်၏ သာ၍ကြီးမားသောပြည့်စုံမှုကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရရမည်ဖြစ်သည်။

ခရစ်တော်၏နိုင်ငံတော်အဆင့်သုံးခုဖြစ်သည့်_ပထမကြွလာခြင်းတွင်အစပြုခြင်း၊ အသင်းတော်သမိုင်းတစ်လျှောက် ဆက်လက်တည်ရှိခြင်းနှင့် ဒုတိယအကြိမ်ကြွလာချိန်၌ပြီးပြည့်စုံခြင်းတွင် ဣသရေလလူမျိုး၏ လူမျိုးစုအမွေဆက်ခံခြင်းများအပေါ် ခရစ်တော်ဖြည့်ဆည်းခဲ့ပုံနှင့်ပတ်သက်၍ ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို လေ့လာသွားပါမည်။ ခရစ်တော်၏နိုင်ငံတော် စတင်တည်ထောင်ခြင်းနှင့်ပတ်သက်၍ ဣသရေလလူမျိုး၏လူမျိုးစုအမွေဆက်ခံခြင်းများကို ကျွန်ုပ်တို့မည်သို့ကျင့်သုံးသင့်သည်ကို ဦးစွာသုံးသပ်ကြည့်ပါ။

## နိုင်ငံတော်စတင်ခြင်း

ခရစ်တော်၏ပထမကြွလာခြင်းတွင် မေရှိယနိုင်ငံတော်စတင်တည်ထောင်သောအခါ၊ ဣသရေလလူမျိုးများသည် ကတိတော်ပြည်မှဝေးသောအရပ်သို့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ကြသည်။ ပါလက်စတိုင်းသို့ ပြန်လာသူများပင်လျှင် တစ်ပါးအမျိုးသား၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် နေထိုင်ခဲ့ကြသည်။ သို့သော် သစ္စာရှိဣသရေလလူမျိုးများသည် ကတိတော်ပြည်တွင် သူတို့၏အမွေကိုပြန်ရမည့်မျှော်လင့်ချက်သည် မည်သည့်အခါမှ မပျောက်ဆုံးခဲ့ပါ။ သူတို့သည် မေရှိယ၏အုပ်စိုးမှုအောက်တွင် ကမ္ဘာတစ်ဝှမ်းလုံးပါဝင်လာစေရန် သူတို့၏အမွေဆက်ခံမည့်အချိန်ကို စောင့်မျှော်နေကြသည်။

> ဣသရေလအတွက် ဘုရားသခင်၏ကတိပြုမှုသည် ဒေင်ဥယျာဉ်သို့ ပြန်ရောက်သွားခဲ့သည်။ ဘုရားသခင်သည် လူသားများကို ဒေင်ဥယျာဉ်၌သာမက ကမ္ဘာမြေကြီးတစ်ခုလုံးတွင်ပြည့်စေရန် တာဝန်တစ်ခုကို ပေးအပ်ခဲ့သည်။ ထို့ကြောင့်၊ နယ်မြေပေးခြင်း၌ ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာမှာ၊ ဘုရားသခင့်နိုင်ငံတော်၏နယ်နိမိတ်ကိုဖြန့်ကျက်ကာ၊ မြေတစ်ပြင်လုံးကိုအုပ်စိုးမည့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကတိတော်၏ပဲ့တင်သံပင်ဖြစ်သည်။ ဒါဝိဒ်မင်းဆက်အကြောင်းဖော်ပြသည့် ဆာလံ ၂ နှင့် ဆာလံ ၇၂ တွင်—"ငါ့ကိုတောင်းလော့ လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာဘို့ငါပေးမည်" — သို့မဟုတ် ဣသရေလ၏အခန်းကဏ္ဍသည် လူမျိုးအားလုံးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေသည်ဟု အာဗြဟံ၏ ပဋိညာဉ်ကိုပဲ့တင်ထပ်သည့် ဟေရှာယ၏ရူပါရုံ"သင့်ကို ငါကောင်းကြီးပေး၍၊ သင့်အားဖြင့်လည်းလူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့် မည်"၌ဒွင်းကို တစေ့တစောင်း စတင်မြင်တွေ့ရသည်။ ထို့ကြောင့်၊ ဟေရှာယ ၂ တွင် ခရစ်တော် သို့မဟုတ် မေရှိယနှင့်ပတ်သက်၍ သက်သေခံခြင်းကြောင့် ဣသရေလလူမျိုးထံ လူမျိုးများမည်သို့စီးဝင်လာကြောင်းကို ကျွန်ုပ်တို့ဖတ်ရ သည်။ ထို့ကြောင့်၊ ယေရှုကြွလာသောအခါ ကျွန်ုပ်တို့တွေ့မြင်ရသည့် ကိုယ်တော်၏အမှုတော်မှာ ဣသရေလလူမျိုးကို လူမျိုးတကာတို့အတွက် အလင်းဖြစ်စေခြင်းဖြစ်သည်။ ထို့ကြောင့် မဿဲခရစ်ဝင်ကျမ်း၏အဆုံးတွင်၊ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊ ငါသည်သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြ လော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။" ထို့နောက် တမန်တော်ဝတ္ထုတွင် "သင်တို့သည် ငါ၏သက်သေဖြစ်လိမ့်မည်" ဟု ဟေရှာယ ၄၃ ကိုထပ်၍တွေ့မြင်ရသည်။ "ငါတပါးသည် ထာဝရဘုရားဖြစ်၍၊ ငါမှတပါး ကယ်တင်သောသခင်မရှိ"ဟု ပြောလော့။ ထို့ကြောင့်၊ ပြည်သည် မြေကြီးတပြင်လုံးကို ကိုယ်စားပြုပြီး မြေကြီးတပြင်လုံးကို ဘုရားသခင် အုပ်စိုးထားသည်။

**Dr Greg Perry**

သခင်ယေရှု၏ပထမကြွလာခြင်းသည် ဤမျှော်လင့်ချက်ကိုပြည့်စုံစေမည့် အဓိကခြေလှမ်း ဖြစ်ကြောင်း ဓမ္မသစ်ကျမ်းက ရှင်းပြသည်။ ဟေဗြဲ ၁:၂ တွင် ရှင်းပြထားသည့်အတိုင်း ဘုရားသခင်သည် ယေရှုအား "အလုံးစုံတို့၏အမွေခံ" အဖြစ်ခန့်အပ်ခဲ့သည်။ သို့မဟုတ် ရောမ ၄:၁၃ တွင် ပေါလုဖော်ပြ ထားသည့်အတိုင်း ယေရှုသည် "ဤလောက၏အမွေခံ" ဖြစ်သည်။ ထို့ထက်မက၊ ဂလာတိ ၃:၂၉ တွင် "ခရစ်တော်နှင့်စပ်ဆိုင်လျှင် ... ကတိတော်အတိုင်း အမွေခံ၏အရာ၌တည်ကြ၏။" ရောမ ၈:၁၇ တွင် ကျွန်ုပ်တို့သည် "အမွေခံ — ဘုရားသခင်၏အမွေခံ၊ ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ၏။"

ထို့ကြောင့် ခရစ်ဝင်ကျမ်းလေးကျမ်းက တင်ပြသည်မှာ ကိုယ်တော်သည် ယောရှုလက်ထက်တွင် ပေးခဲ့သော ဣသရေလလူမျိုး၏လူမျိုးစုအမွေဆက်ခံရာနယ်နိမိတ်တစ်လျှောက်၌ အမှုဆောင်ခဲ့သည်။ ကိုယ်တော်နှင့် ကိုယ်တော်၏တပည့်တော်များသည် စီဂျော်ဒန်မြောက်ပိုင်းနှင့် တောင်ပိုင်းနယ်မြေများ တွင် အမှုဆောင်ခဲ့ကြသည်။ တခါတရံတွင်၊ သူတို့သည် ထရန်ဂျော်ဒန်တွင်လည်း အမှုဆောင်ခဲ့ကြသည်။ အမှုဆောင်နေစဉ်အတွင်း၊ ယေရှုသည် သူနှင့်အတူ ကမ္ဘာမြေကြီးကိုအမွေခံမည့် ဣသရေလအမျိုး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနွယ်များမှ သစ္စာရှိအကြွင်းအကျန်များအား သူ့ထံတော်သို့စုဝေးစေခဲ့သည်။ ၎င်းအပြင်၊ ကောင်းကင် တက်ပြီးချိန်တွင် ခရစ်တော်သည် တမန်တော် ၂:၅ တွင်ပြောထားသည့်အတိုင်း "ကောင်းကင်အောက်တွင် ရှိလေသမျှသော လူမျိုးထဲက" ဣသရေလအနွယ်များ၏ကိုယ်စား သူ့နောက်သို့လိုက်သောသူများကို ယေရုရှလင်မြို့၌စုဝေးစေခဲ့သည်။

သို့သော် ခြုံငုံကြည့်လျှင် ဣသရေလလူမျိုး၏အမွေဆက်ခံမှုနှင့် ခရစ်တော်၏နိုင်ငံတော် စတင် တည်ထောင်ခြင်းကြား အရေးအကြီးဆုံးဆက်စပ်မှုသည် ပင်တေကုတ္တေပွဲနေ့တွင်စတင်ခဲ့သော အသင်းတော်အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းခြင်းဖြစ်သည်။ ဧဖက် ၁:၁၄ တွင် တမန်တော်ပေါလုက သန့်ရှင်းသောဝိညာဉ်တော်အား "ငါတို့အမွေ၏စားရန်" အဖြစ်ရည်ညွှန်းခဲ့သည်။ ၂ ကောရိန္သု ၁:၂၂ နှင့် ၅:၅ တွင်လည်း "စားရန်" ဟုပေါလုခေါ်ဆိုခဲ့သည်။ သို့သော် ပေါလုသည် ဝိညာဉ်တော် ကိုစားရန်တစ်ခုအဖြစ် — သို့မဟုတ် ခရစ်တော်၌ ကျွန်ုပ်တို့အနာဂတ်အမွေ၏ ကြိုတင်ပေးချေမှု — အဖြစ် အဘယ်ကြောင့် ရှုမြင်ခဲ့သည်ကို နားလည်ရန်၊ ကမ္ဘာဦး ၁:၂ အရ၊ အစအဦး၌ ဖန်ဆင်းခြင်းကို ယူဆောင်ခဲ့သူသည် ဝိညာဉ်တော်ဖြစ်သည်ကို သတိရရန်လိုသည်။ ထို့အပြင် ဟေရှာယ ၄၄:၃၊ ၄ ကဲ့သို့သော ဓမ္မဟောင်းပရောဖက်ပြုချက်များက ဘုရားသခင်၏ဝိညာဉ်တော်သည် မေရှိယ၏ လက်ထက်၌ ဖန်ဆင်းခြင်းကို အသစ်ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း ရှင်းပြထားသည်။ အမှန်တကယ် တွင်၊ ခရစ်တော်၏အသင်းတော်အားပေးသော သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးသည် ဤအသစ် ပြန်လည်ဖန်ဆင်းခြင်း၏ နမူနာဖြစ်သည်။ ခရစ်တော်ပြန်လည်ကြွဆင်းလာချိန်၌ အရာခပ်သိမ်း ပြီးပြည့်စုံခြင်းကို ကျွန်ုပ်တို့စောင့်ဆိုင်းနေစဉ် သူသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်း တွင်ပေးခဲ့သော ကျွန်ုပ်တို့၏ကမ္ဘာလုံးဆိုင်ရာအမွေဖြစ်သည်။

ထိုအကြောင်းကြောင့်၊ ယောရှုမှတ်စာ၏ဤအပိုင်းတွင် အကြိမ်ကြိမ်တွေ့ရသည့် အဓိက အကြောင်းအရာများသည် သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်ုပ်တို့၏အမွေကို နမူနာအဖြစ်ကြိုတင် ထင်ဟပ်ရန် အခွင့်အလမ်းများပေးသည်။ ယောရှုသည် ကတိတော်ပြည်၌ ဣသရေလလူမျိုး၏အမွေကို ဘုရားသခင်၏အခွင့်အာဏာဖြင့် ခွဲဝေသကဲ့သို့၊ ယေရှုနှင့် သူ၏တမန်တော်များနှင့် ပရောဖက်များသည် ယုံကြည်သူများ၏အမွေကို ဝိညာဉ်တော်၌ ဘုရားသခင်၏အခွင့်အာဏာဖြင့် ဝေငှကြသည်။ ယောရှု၏ နယ်မြေများကို ခွဲဝေပေးခြင်းသည် ဘုရားသခင်၏ပဋိညာဉ်တွင် အခြေခံသကဲ့သို့၊ ဘုရားသခင်၏လူများ ထံသို့ သန့်ရှင်းသောဝိညာဉ်တော်ကို သခင်ယေရှုပေးဝေခြင်းသည် ခရစ်တော်၌ ပဋိညာဉ်သစ်ပြည့်စုံခြင်း ဖြစ်သည်။ ယောရှုလက်အောက် ဣသရေလလူမျိုး၏အမွေဆက်ခံမှုသည် မောရှေ၏ပညတ်တရားစံနှုန်း နှင့်အညီဖြစ်ပြီး၊ ဝိညာဉ်တော်ပေးဝေခြင်းသည် မောရှေခေတ်နောက်ပိုင်း ဘုရားသခင်၏ထပ်မံဖွင့်ပြမှုနှင့် အညီ မောရှေ၏ပညတ်တရားကို ခရစ်တော်၏စုံလင်စွာနာခံခြင်း၏ရလဒ်ဖြစ်သည်။ ဣသရေလလူမျိုး တို့၏ အမွေဆက်ခံမှုသည် ဘုရားသခင်၏ သဘာဝလွန်တန်ခိုးအပေါ် မူတည်ပြီး ယေရှု၏ပထမကြွလာ ချိန်အတွင်း၊ သန့်ရှင်းသောဝိညာဉ်တော် ပေးဝေခြင်းတွင် ပို၍ကြီးမားသော သဘာဝလွန်တန်ခိုးသည် လုပ်ဆောင်နေကြောင်း ဓမ္မသစ်ကျမ်းက ရှင်းပြထားသည်။ ယောရှုလက်ထက်တွင် ဣသရေလလူမျိုး အားလုံး၏ပါဝင်မှုစံနမူနာကို နိုင်ငံတော်စတင်တည်ထောင်ခြင်းအတွင်း တိုးချဲ့ခဲ့သည်။

သစ္စာရှိက္ကလသရေလအကြွင်းအကျန်များသာမက တပါးအမျိုးသားယုံကြည်သူများသည်လည်း သန့်ရှင်းသောဝိညာဉ်တော်၌ ခရစ်တော်၏အမွေစားရန်ကို ရရှိခဲ့ကြသည်။

က္ကလသရေလလူမျိုးတို့၏လူမျိုးစုအမွေဆက်ခံခြင်းများကိုခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းအပေါ် မည်သို့သက်ရောက်သည်ကိုလေ့လာပြီးနောက်၊ ၎င်းသည် အသင်းတော်သမိုင်းတစ်လျှောက် ကိုယ်တော်၏နိုင်ငံတော်ဆက်လက်တည်ရှိမှုနှင့် မည်သို့သက်ဆိုင်သည်ကို ကျွန်ုပ်တို့ကြည့်ရှုသင့်ပါသည်။

## ဆက်လက်တည်မြဲခြင်း

သခင်ယေရှု၏ပထမနှင့် ဒုတိယကြွလာခြင်းကြားတွင်၊ ခရစ်တော်သည် သူ၏ဝိညာဉ်တော်အားဖြင့် ဤလောက၏နမူနာနှင့် လူတို့အား ဆက်လက်ကောင်းချီးမင်္ဂလာပေးနေသည်။ ကတိတော်ပြည်ကိုလုံခြုံစေခြင်းဖြင့် ရှေ့သို့ချီတက်ရန် က္ကလသရေလလူမျိုးကို ယောရှုမှတ်စာတောင်းဆိုသကဲ့သို့၊ ဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့အား သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ရှေ့သို့လှမ်းရန် တောင်းဆိုထားသည်။ ဂလာတိ ၅:၁၆ အရ ကျွန်ုပ်တို့သည် "ဝိညာဉ်ပကတိအတိုင်းကျင့်" ရမည်၊ ဧဖက် ၅:၁၈ အရ "ဝိညာဉ်တော်နှင့်ပြည့်ဝ"ရပါမည်။ ထို့အပြင်၊ ယောရှု၏မူလပရိသတ်များသည် မျိုးနွယ်တိုင်း၏ သီးသန့်ခွဲဝေမှုများကို အသိအမှတ်ပြုသကဲ့သို့၊ ခရစ်တော်၏နောက်လိုက်များသည် ဝိညာဉ်တော်၌ တူညီသောအရာတစ်ခုခုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ၁ ကောရိန္သု ၁၂:၄ တွင် သွန်သင်ထားသည့်အတိုင်း "ဆုကျေးဇူးတော်အထူးထူးအထွေထွေ ရှိပြားသော်လည်း ဝိညာဉ်တော်တပါးတည်းရှိ၏။" ထို့အပြင်၊ ယောရှု၏မူလပရိသတ်များသည် ကတိတော်ပြည်၏အမွေတွင် အတူတကွနေထိုင်ကြစဉ် စည်းလုံးမှုကိုရှာဖွေရန် ဖိတ်ခေါ်ခံရသည်။ ဧဖက် ၄:၃ တွင်၊ တမန်တော်ပေါလုက ခရစ်တော်၏နောက်လိုက်များအား "သင်တို့သည်အချင်းချင်းစိတ်သဘောမခြားမနား၊ တလုံးတဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။"

ယောရှု၏အဓိကအကြောင်းအရာငါးခုကို ကျွန်ုပ်တို့ကြုံတွေ့ရသည့်အခါတိုင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် နေ့စဉ်အသက်ရှင်နေထိုင်ရမည်ကို ပိုင်းခြားသိမြင်ရန် အခွင့်အလမ်းများရှိသည်။ က္ကလသရေလလူမျိုး၏အမွေနောက်ကွယ်မှ ဘုရားသခင်၏အခွင့်အာဏာကို ယောရှုအသိအမှတ်ပြုသကဲ့သို့၊ ကျွန်ုပ်တို့၏အမွေကို ဤလောက၌မရှာဖွေဘဲ၊ ဝိညာဉ်တော်၌ရှာဖွေခြင်းဖြင့် ခရစ်တော်၌ရှိသော ဘုရားသခင်၏အခွင့်အာဏာကို ကျွန်ုပ်တို့အသိအမှတ်ပြုရမည်ဖြစ်သည်။ က္ကလသရေလလူမျိုးတို့၏ ကနဦးအမွေဆက်ခံခွင့်သည် ဘုရားသခင်၏ပဋိညာဉ်ပေါ်တွင် အခြေခံသောကြောင့်၊ ခရစ်တော်၌ရှိသော ပဋိညာဉ်အသစ်ကြောင့် ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုတံဆိပ်ခတ်ထားသည်ဟု ယုံကြည်စိတ်ချနိုင်ပါသည်။ မောရှေ၏ပညတ်တရားစံနှုန်းကို လိုက်နာခြင်းဖြင့် က္ကလသရေလလူမျိုးများသည် ၎င်းတို့၏ကနဦးအမွေကိုရရှိသကဲ့သို့၊ ကျွန်ုပ်တို့သည် မောရှေ၏ပညတ်တရားကို ဓမ္မသစ်ကျမ်း၏ဖွင့်ပြမှုအရ ကျင့်သုံးသည်နှင့်အမျှ ဝိညာဉ်တော်၏အမွေခံအဖြစ် အသက်ရှင်ကြသည်။ က္ကလသရေလလူမျိုးများ၏အမွေကို ဘုရားသခင်၏သဘာဝလွန်တန်ခိုးဖြင့် ပေးအပ်ထားသကဲ့သို့၊ ကျွန်ုပ်တို့၏အမွေသည် ဘုရားသခင်၏ ဝိညာဉ်တော်တန်ခိုးသွန်းလောင်းခြင်းအားဖြင့် ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကာလေရလူမျိုးအားလုံးသည် ၎င်းတို့၏ အမျိုးသားဆိုင်ရာအမွေတွင် ပါဝင်သကဲ့သို့၊ မြေကြီးပေါ် ရှိ မျိုးနွယ်နှင့် လူမျိုးတိုင်းမှ ခရစ်တော်၏နောက်လိုက်များသည် ဝိညာဉ်တော်၌ တူညီသောအမွေကို ဝေမျှကြသည်။

ကာလေရလူမျိုးတို့၏လူမျိုးစုအမွေဆက်ခံခြင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြု ခြင်းသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ချိန်၌ လုပ်ဆောင်ခဲ့သည့်အရာများနှင့် နိုင်ငံတော် ဆက်လက်တည်ရှိနေချိန်တွင် ကျွန်ုပ်တို့၏လက်ရှိအခြေအနေများကိုပါ ပြန်ကြည့်ရုံသာမက၊ ၎င်းသည် နိုင်ငံတော်ပြီးပြည့်စုံချိန်တွင် ကျွန်ုပ်တို့ရရှိမည့်အမွေအတွက် ကျွန်ုပ်တို့၏မျှော်လင့်ချက်ကိုလည်း ခိုင်မာစေသည်။

## ပြီးပြည့်စုံခြင်း

ဗျာဒိတ် ၂၁:၁ အရ၊ ယေရှုသည် ပြန်လည်ကြွဆင်းလာသောအခါ "ကောင်းကင်သစ်နှင့် မြေကြီးသစ်"ကိုအုပ်စိုးလိမ့်မည်ဟူသော သေချာသောမျှော်လင့်ချက် သင်နှင့်ကျွန်ုပ်၌ရှိသည်။ ပျက်ဆီး သွားသောဖန်ဆင်းခြင်းများကို မီးဖြင့်သန့်စင်မည်၊ မကောင်းမှုများသည် ဖယ်ရှားခံရမည်ဖြစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်သည် ဖန်ဆင်းခြင်းတစ်ခုလုံးထိ ကျယ်ပြန့်မည်ဖြစ်သည်။ သို့သော် ဤဖန်ဆင်း ခြင်းအသစ်သည် ခရစ်တော်နှင့်သာသက်ဆိုင်လိမ့်မည်မဟုတ်ပါ။ ဗျာဒိတ် ၂၁:၇ ၌ထိုနေ့ကြီးတွင် ဘုရားသခင်သည် "အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံရလိမ့်မည်" ဟု ကြွေးကြော်လိမ့်မည်။ ဖန်ဆင်းခြင်းအသစ်သည် ဘုရားသခင်၏လူများဖြစ်သော ကျွန်ုပ်တို့အတွက်ထာဝရအမွေဖြစ်လိမ့်မည်။

> ယောရှုမှတ်စာပါ အမျိုးသားအမွေဆိုင်ရာအကြောင်းအရာသည် အရေးကြီးသော အကြောင်းအရာဖြစ်ပြီး၊ ယနေ့ကာလ ကျွန်ုပ်တို့ခရစ်ယာန်များအတွက် လက်တွေ့အသုံးပြုမှုများစွာရှိသည်၊ အဘယ်ကြောင့်ဆိုသော် နယ်မြေဆိုင်ရာ ကတိတော်သည် ယောရှုလက်ထက်၌ တစ်စိတ်တစ်ပိုင်းသာပြည့်စုံခဲ့သော ကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာ၊ အာဗြဟံကို သခင်ဘုရားကတိပြုခဲ့သော ခါနာန်ပြည်သည် ယောရှုမှတ်စာတွင်တွေ့ရသည့်အတိုင်း ပထဝီဝင်အနေအထား အရအကန့်အသတ်မရှိပေ။ ရောမ ၄း၁၃ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ_ "ထိုမှတစ်ပါး၊ ဤလောကကိုအမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှစသော သူ၏အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်၊ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။" ဤတွင် ပေါလုကအာဗြဟံ သည်ဤလောက—ကမ္ဘာကြီးတစ်ခုလုံးကို အမွေခံရမည်ဟု ဆိုထားသည်။ ... ထို့ပြင် ဤကတိတော်များသည် အသွေးအသားအရ အာဗြဟံ၏အမျိုးအနွယ် မဟုတ်သော တစ်ပါးအမျိုးသားတို့၌လည်း အာဗြဟံ၏အမျိုးအနွယ်ဖြစ်သည့် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ပြည့်စုံခဲ့သည်။ ထို့ကြောင့်၊ ယောရှုလက်ထက်တွင် အာဗြဟံရရှိခဲ့သည့်အရာနှင့် ကာလေရလူမျိုးတို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ရရှိခဲ့သောအရာများသည် အာဖြဟံအား ဘုရားသခင်ကတိပြုထားသည့်
> ကြီးမားသော၊ ကျယ်ပြန့်သော၊ ပို၍ပြည့်စုံသော၊ ခရစ်တော်၌ပြည့်စုံခဲ့ကာ
> ခရစ်တော်၏ဒုတိယကြွလာခြင်းတွင် အလုံးစုံပြည့်စုံမည့်ပြည်၏
> သေးငယ်သောပုံရိပ်တစ်ခုဖြစ်သည်။ နောက်ဆုံးတွင်၊ ခရစ်တော်ပြန်လည်
> ကြွဆင်းလာသောအခါ ခါနန်ပြည်၌သာ စိုးစံလိမ့်မည်မဟုတ်ဘဲ၊
> မြေကြီးတပြင်လုံး—ကောင်းကင်သစ်နှင့် မြေကြီးသစ်—ကိုပိုင်သအုပ်စိုးပြီး၊
> ကျွန်ုပ်တို့သည်လည်း ခရစ်တော်နှင့်အတူ ထာဝရစိုးစံမည်ဖြစ်သည်။

**Rev. Sherif Gendy**

ထိုအကြောင်းကြောင့်၊ ယောရှုမှတ်စာ၏ဤအပိုင်းရှိ အဓိကအကြောင်းအရာငါးခုသည် ခရစ်တော်၏နိုင်ငံတော်ပြီးပြည့်စုံခြင်းဆိုင်ရာမျှော်လင့်ချက်ဆီသို့ ကျွန်ုပ်တို့၏မျက်လုံးများကို ကြည့်စေခဲ့သည်။ ဘုရားသခင်၏အခွင့်အာဏာသည် ယောရှု၏ခေတ်တွင် သူပြုလုပ်သည့်အရာများကိုလွှမ်းခြုံသကဲ့သို့၊ ယေရှုသည် ဘုန်းတော်ဖြင့်ပြန်လည်ကြွဆင်းလာသောအခါ ဘုရားသခင်၏ ကမ်းလှမ်းမှုကို ပြီးပြည့်စုံစွာ လုပ်ဆောင်မည်ဖြစ်သည်။ ဣသရေလတို့၏အမွေသည် ဘုရားသခင်၏ ပဋိညာဉ်အားဖြင့် လုံခြုံသကဲ့သို့၊ ကျွန်ုပ်တို့၏နောက်ဆုံးအမွေကို ခရစ်တော်၌ရှိသောပဋိညာဉ်အသစ်ဖြင့် လုံခြုံစေပါသည်။ ယောရှုသည် မောရှေ၏ပညတ်တရားစံနှုန်းနှင့်အညီ ဣသရေလလူမျိုး၏အမွေကို ခွဲဝေသကဲ့သို့၊ ခရစ်တော်၏နောက်လိုက်တိုင်းသည် ခရစ်တော်၏ပုံသဏ္ဌာန်နှင့်အညီ ဖြစ်မည်ဖြစ်ပြီး၊ နောင်လာမည့်ကမ္ဘာသစ်တွင် ဘုရားသခင်၏ဖွင့်ပြမှုစံနှုန်းအားလုံးကို ပြည့်စုံစေမည်ဖြစ်သည်။ ဣသရေလလူမျိုးတို့အမွေကို ပိုင်ဆိုင်ရခြင်းသည် ဘုရားသခင့်သဘာဝလွန်တန်ခိုး၏ရလဒ်ဖြစ်သကဲ့သို့၊ ဘုရားသခင်သည် ခရစ်တော်ပြန်လည်ကြွလာသောအခါ ယခင်နှင့်မတူသော သူ၏တန်ခိုးကို ပြသတော်မူလိမ့်မည်။ ဣသရေလလူမျိုး၏အမွေတွင် ဣသရေလလူမျိုးအားလုံးပါဝင်သကဲ့သို့၊ ခရစ်တော်၌ရှိသော သူတိုင်းသည် နောင်လာမည့်ကမ္ဘာတွင် ၎င်းတို့၏ထာဝရအမွေကို ရရှိကြမည်ဖြစ်သည်။

# နိဂုံး

ဤသင်ခန်းစာတွင်၊ ယောရှုမှတ်စာ၏ဒုတိယအဓိကအပိုင်းဖြစ်သော ဣသရေလလူမျိုးတို့၏ လူမျိုးစုအမွေဆက်ခံခြင်းကို ကျွန်ုပ်တို့လေ့လာထားပါသည်။ စီရော်ဒန်နှင့် ထရန်ရော်ဒန်နှစ်ခုစလုံးရှိ ဣသရေလလူမျိုး၏နယ်မြေကို ဖော်ပြခြင်းဖြင့်၊ ဣသရေလလူမျိုး၏အမွေဆက်ခံမှု၏ ကနဦးနယ်နိမိတ်များကိုကျမ်းရေးသူ၏ဦးစားပေးပုံကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်။ ထရန်ရော်ဒန်နှင့် စီရော်ဒန်နှစ်ခုလုံး၌ ယောရှုလက်ထက်တွင် ပေးဝေထားသော သီးသန့်လူမျိုးစုအမွေများကိုလည်း ကျွန်ုပ်တို့ထည့်သွင်း စဉ်းစားထားပါသည်။ ထို့အပြင် ကျမ်းရေးသူသည် ယောရှုခေတ်တွင် ဣသရေလလူမျိုးများ မည်ကဲ့သို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စည်းလုံးပုံကို ဖော်ပြခြင်းဖြင့်၊ ကာလရှည်ကြာအမျိုးအနွယ်အားလုံးကြား အမျိုးသားစည်းလုံးညီညွတ်မှုကို မြှင့်တင်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ နောက်ဆုံးတွင်၊ ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်း၊ ဆက်လက်တည်မြဲမှုနှင့် ပြီးပြည့်စုံခြင်းနှင့်ပတ်သက်၍ ယောရှုမှတ်စာ၏ဤအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို ကျွန်ုပ်တို့ကြည့်ရှုခဲ့ကြပါသည်။

ယောရှုမှတ်စာရေးသားသူသည် ယောရှု၏ဦးဆောင်မှုအောက်တွင် ဘုရားသခင်လုပ်ဆောင်ခဲ့မှုများကို ပရိသတ်တို့အနေဖြင့်အသိအမှတ်ပြုရန် မည်မျှအရေးကြီးကြောင်းဖော်ပြခဲ့သည်။ ယနေ့ ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်လိုက်များနည်းတူ လုပ်ဆောင်ရမည်ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ထာဝရအမွေကို အာမခံထားပြီးဖြစ်ကြောင်းကို ကျွန်ုပ်တို့သိပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဤအမွေ၏နမူနာဖြင့် နေ့စဉ်အသက်ရှင်နေပါသည်။ ခရစ်တော်သည် ဘုန်းတော်ဖြင့်ပြန်လည်ကြွဆင်းလာမည့်နေ့ကို ကျွန်ုပ်တို့ စောင့်မျှော်နေပါသည်။ ထိုနေ့၌၊ သူသည် အရာခပ်သိမ်း၏အမွေခံအဖြစ် သူ၏မှန်ကန်သောနေရာကိုရယူပြီး၊ ဖန်ဆင်းခြင်းအသစ်၏ ကြီးမြတ်သောအမွေကို ထာဝရကာလပတ်လုံး သူ့ကိုယုံကြည်သူတိုင်းထံ ပေးဝေမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ၍မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။